# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၇ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၄၇)

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စတာ ရိုဒေါ့ဖ်၊ အက်စ်၊ အင်မ်ဟော့ဖ်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(အပေါ်ယာပုံ)**

**ခန့်အပ်လွှာပေးအပ်ပွဲ တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း၊ ဒုတိယဝန်ကြီးဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး မစ္စတာ ရိုဒေါ့ဖ်၊ အက်စ်၊ အင်မ်ဟော့ဖ်အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၇ ရက်)

# အဖိုးတန်အသုံးဝင်သည့် ရော်ဘာတိုးချဲ့စိုက်ပျိုး

ရော်ဘာသည် နှစ်ရှည်သီးနှံဖြစ်သကဲ့သို့ စက်မှုကုန်ကြမ်းသီးနှံလည်းဖြစ်သည်။ ရော်ဘာ၏ အသုံးဝင်မှုကြောင့် ကမ္ဘာ့ဈေးကွက်တွင် ဝယ်လိုအား ကောင်းလျက်ရှိသည်။

ရေနံကို ရွှေမည်းဟုတင်စား ခေါ်ဝေါ်သကဲ့သို့ ရော်ဘာကိုရွှေဖြူဟု တင်စားခေါ်ဝေါ်ကြသည်။

မြန်မာနိုင်ငံတွင် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်း အချို့နေရာများမှလွဲ၍ တစ်နိုင်ငံလုံးတွင် စိုက်ပျိုးဖြစ်ထွန်းနိုင်သည်။ နိုင်ငံတစ်ဝန်း ဧကတစ်သန်းပြည့်မီအောင် စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရော်ဘာစိုက်ပျိုးခြင်းဖြင့် လွန်စွာစီးပွားဖြစ်ထွန်းသည့်အပြင် ဒေသစိမ်းလန်းစိုပြည်ရေးကိုလည်း အထောက်အကူပြုသည်။စိုက်ပျိုးပြီး ခြောက်နှစ်သားတွင် အစေးခြစ်နိုင်ပြီး အနှစ် ၃၀အထိ စီးပွားဖြစ်ထုတ်လုပ်နိုင်သည်။ အနှစ်၃၀ ကျော်၍ အစေးထွက်နည်းလာသောအခါ အပင်ကိုခုတ်လှဲ၍ ရော်ဘာသစ်အဖြစ် အသုံးပြုနိုင်သည်။ ရော်ဘာသစ်ဖြင့် ပရိဘောဂများ၊ အလှဆင်ပစ္စည်းများ ပြုလုပ်နိုင်သည်။ ရော်ဘာရွက်ကို အလှဆင်ပန်းများ ပြုလုပ်ရာတွင် အသုံးပြုကြသည်။

မြန်မာ့နှစ်ရှည်ပင် လုပ်ငန်းအောက်ရှိ ရော်ဘာပစ္စည်းထုတ်လုပ်မှု သုတေသနနှင့် သင်တန်းပို့ချရေးဌာနက ရော်ဘာကုန်ကြမ်းသုံး လူသုံးကုန်ပစ္စည်းအမျိုးမျိုး တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးမြှင့်တင်နိုင်ရေးတို့အတွက် နည်းပညာသစ်များ ရှာဖွေသုတေသနပြုလျက်ရှိရာ Rubber Modified Asphalt ခေါ်ကတ္တရာလမ်းခင်းရာတွင် ရော်ဘာအလေအလွင့်ပစ္စည်းများ သုံးစွဲနိုင်ရေးအတွက် သုတေသနပြုစမ်းသပ်လျက်ရှိသည်။

အဆိုပါ စမ်းသပ်မှုတွင် မော်တော်ကား တာယာဟောင်းများနှင့် ရော်ဘာအလေအလွင့်ပစ္စည်းများကို စက်ဖြင့်ကြိတ်၍ ကတ္တရာကျိုရာတွင် ထည့်သွင်းသုံးစွဲခြင်းဖြင့် ရော်ဘာကတ္တရာကို ရရှိစေသည်။ ရော်ဘာကတ္တရာဖြင့်ခင်းသော ကတ္တရာလမ်းများသည် သာမန်ကတ္တရာလမ်းများထက် ပိုမိုခိုင်ခံ့ပြီး အက်ကွဲမှုသက်သာခြင်း၊ ပိုမိုကြာရှည်ခံခြင်း၊ ကားဘီးချော်ခြင်းများကို လျော့နည်းစေခြင်း၊ အသံဆူညံမှုကို နည်းပါးစေခြင်း၊ ကုန်ကြမ်းစရိတ်နည်းပါးခြင်း၊ စွန့်ပစ်ရန်ခက်ခဲသော အလေအလွင့်ပစ္စည်းများကို သုံးစွဲနိုင်သဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို သက်သာစေခြင်း စသည့်အကျိုးကျေးဇူး များစွာကို ရရှိစေသည်။

မြန်မာနိုင်ငံတွင် တာယာအဟောင်းများကို ပန်းတင်သည့်လုပ်ငန်း အမြောက်အမြားရှိနေပြီး ရော်ဘာအလေအလွင့် တန်ချိန်များစွာ ထွက်ရှိနေသည်။ စွန့်ပစ်တာယာအဟောင်းများ၊ အလေအလွင့်ရော်ဘာများကို လမ်းခင်းရာတွင်ပြန်လည်သုံးစွဲနိုင်ပါက အမှိုက်ရှုပ် သက်သာသည့်အပြင် လမ်းအရည်အသွေးတိုးတက်လာပြီး လမ်းထိန်းသိမ်းမှု ကုန်ကျစရိတ်လည်း သက်သာစေမည် ဖြစ်သည်။

သို့ဖြစ်၍ အရွက်၊ အစေး၊ ပင်စည်စသည့် ကုန်ကြမ်းအဆင့်များသာမက စွန့်ပစ်တာယာအဟောင်းများကိုပင် ပြန်လည်အသုံးပြုနိုင်သည့် ရော်ဘာပင်ကို နိုင်ငံတစ်ဝန်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် နိုင်ငံတော်နှင့်စိုက်ပျိုးသူများအတွက် များစွာအကျိုးစီးပွားများ ဖြစ်ထွန်းစေမည်ဖြစ်ပေသည်။ ။

## မြဝတီရုပ်မြင်သံကြား

၇-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇:၁၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၄:၁၅ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၀ ၅။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၅ ၆။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၀၀ ၈။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၁၅ ၉။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၂၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသ သတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြက်ခင်းစိမ်းနဲ့အိမ်ကလေး"** (အပိုင်း-၃၃)
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ English Usage
- ၂၁။ ဗွီစီဒီကျော်ကြားတေးများ
- ၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိ ဗျတ္တိ"** (အပိုင်း-၈)

## MRTV-4
## ရုပ်မြင်သံကြားအစီအစဉ်

**၇-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စာပေနှင့်အနုပညာဆိုင်ရာ မူပိုင်ခွင့်) ဆွေးနွေးခန်း
- ၇:၃၀ သွေးကုသိုလ်
- ၇:၄၀ တေးဂီတအစီအစဉ်
- ၇:၄၅ နိုင်ငံတကာ သတင်းအကျဉ်း
- ၇:၅၀ တေးဂီတအစီအစဉ်
- ၇:၅၅ နိုင်ငံတကာ အနုပညာရေးရာ
- ၈:၂၀ မိုးလေဝသခန့်မှန်းချက်
- ၈:၂၅ World Cup Special (Group-E)
- ၈:၅၀ ကျေးပင်အက် ရေလျှောင်တမံ
- ၉:၀၀ တေးဂီတအစီအစဉ်
- ၉:၀၅ ပြည်တွင်းသတင်းအကျဉ်း
- ၉:၁၅ Myanmar Video Rhythm
- ၁၀:၀၅ တေးဂီတအစီအစဉ်
- ၁၀:၁၀ ချည်မျှင်ရှည်ဝါ အထွက်တိုးရေး နည်းပညာ
- ၁၀:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၂၅ တေးဂီတအစီအစဉ်
- ၁၀:၃၀ သံချည်သံကွေးအတတ်ပညာ
- ၁၀:၄၀ ငွေကြယ်ပွင့်တို့၏ ဖြစ်တည်မှု (ရှင်ဖုန်းနှင့် သူ၏ အနုပညာခရီး)
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၂၅ ဒဟတ်ပန်းတစ်ခိုင် (မင်းမော်ကွန်း၊ မြသဥ္ဇာလီ)
- ၁၁:၄၅ တေးဂီတအစီအစဉ်
- ၁၁:၅၀ လှပရှုမငြီးပန်းအလှဆင်နည်း
- ၁၂:၀၀ MRTV-4 အပိတ် Logo

**(အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၁၂း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။)**

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ရန်ကုန်မြို့ ၂၄ နာရီ အချိန်ပြည့် လျှပ်စစ်မီးရရှိရေး
# လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သီးခြားတာဝန်ပေးဆောင်ရွက်နေပြီ

ရန်ကုန် ဇွန် ၆

**အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၄ ရက်က ရန်ကုန်မြို့ ဒဂုံမြို့သစ် (အရှေ့) မြို့နယ်ရှိ ဒဂုံ(အရှေ့) စက်မှုမြို့ စက်မှုဇုန်စီမံခန့်ခွဲရေးရုံးသို့ရောက်ရှိရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ရန်ကုန်အရှေ့ပိုင်းခရိုင်၌ စက်မှုဇုန် ၁၀ခုရှိကြောင်း၊ စက်မှုဇုန်များ၏ ကုန်ထုတ်လုပ်ဖြန့်ဖြူးမှုများ၊ နိုင်ငံတော်ကချမှတ်ထားသော ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်အောင် စက်မှုဇုန်၌ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပြီး ဆောင်ရွက်နေကြောင်းဖြင့်တင်ပြပြီး ရန်ကုန်အရှေ့ပိုင်းစက်မှုဇုန် ၁၀ ခုမှ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီဝင်များက စက်မှုဇုန်များတွင် လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ပိုမိုရရှိမည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုကို ယခင်ကထက် ပိုမိုထုတ်လုပ်သွားမည်ဖြစ်ကြောင်းနှင့် စက်မှုဇုန်များတွင် လိုအပ်သော ထရန်စဖော်မာနှင့် လုပ်ငန်းသုံးပါဝါမီတာများကို အမြန်ဆုံး ခွင့်ပြုချမှတ်ပေးနိုင်ပါရန် တင်ပြကြသည်။**

### ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက်ဝန်ကြီးက နိုင်ငံတော်က လျှပ်စစ်စွမ်းအားကို စီမံကိန်းချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ တည်ဆောက်ထုတ်လုပ်မှုနှင့် သယ်ယူဖြန့်ဖြူးမှုတို့တွင် ဟန်ချက်ညီညီလုပ်ကိုင်ဆောင်ရွက်သွားနိုင်ရန် သီးခြားတာဝန်ပေးမှုများဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ လျှပ်စစ်ဓာတ်အားရရှိမှုအပိုင်းတွင် အတိုင်းအတာတစ်ခုအထိ တိုးတက်လာသည်ကိုတွေ့မြင်နေရပြီဖြစ်ကြောင်း၊ ရန်ကုန်မြို့ကို ၂၄ နာရီအချိန်ပြည့် လျှပ်စစ်မီးရရှိရေးအတွက် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ကို သီးခြားတာဝန်ပေး ဆောင်ရွက်နေပြီ ဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲကလည်း လျှပ်စစ်ဓာတ်အား တိုးမြှင့်ရေးအတွက် တွန်းအားပေးဆောင်ရွက်နေကြောင်း၊ မိမိတို့အနေဖြင့်လည်း နည်းမျိုးစုံဖြင့် တီထွင်ကြံဆနေကြောင်း၊ အိမ်သုံးမီတာများကို စီမံချက်ချမှတ်၍ တပ်ဆင်ပေးမှုများ ပြုလုပ်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး**(အပေါ်ပုံ)** လိုအပ်ချက်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးက ရန်ကုန်မြို့အပါအဝင် ပြည်နယ်နှင့်တိုင်းများ၌ လျှပ်စစ်မီးသုံးစွဲရာတွင် မသမာမှုများ မဖြစ်ပေါ်စေရေးအတွက် မီတာများကို စစ်ဆေးမှုများပြုလုပ်ပေးခဲ့မှုနှင့် ရန်ကုန်မြို့ကို လျှပ်စစ်မီးအပြည့်အဝ ရရှိရေးအတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းတိုင်ပင်ပြီး ဆောင်ရွက်ပေးသွားမည့် အစီအစဉ်တို့ကိုလည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အင်ဂျင်နီယာချုပ် ဦးတင်အောင်က ပြည်သူလူထုအား လျှပ်စစ်ဓာတ်အား အပြည့်အဝပေးနိုင်ရေးအတွက် မဟာဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံများကို တိုးချဲ့တည်ဆောက်နေမှု၊ ရန်ကုန်မြို့၌ ရေအားလျှပ်စစ်မှထုတ်လုပ်သော လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်နှင့် ဓာတ်ငွေ့စက်ရုံလေးရုံမှ ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်တို့ ပေါင်းစပ်ပြီး လျှပ်စစ်မီးအပြည့်အဝ ပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာချုပ် ဦးထွန်းအေးက စက်မှုဇုန်များ၌ လုံခြုံရေးအတွက် လိုအပ်သော လမ်းမီးများကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပြီး ဆောင်ရွက်ပေးသွားမည့်အစီအစဉ်၊ လျှပ်စစ်ဓာတ်အား အချိုးကျစနစ်ဖြင့် ပေးဝေနေမှုမှ ပိုမိုပြီး လျှပ်စစ်ဓာတ်အားပေးနိုင်အောင် ဆောင်ရွက်သွားမည့် အစီအစဉ်တို့ကို လည်းကောင်း၊ လျှပ်စစ်စွမ်းအားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောဝင်းက စက်မှုလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ လျှပ်စစ်ဓာတ်အား ပိုမိုရရှိရန် စီစဉ်ပေးနေမှု၊ သယ်ပို့ဖြန့်ဖြူးရေးလုပ်ငန်းများကို ပိုပိုပြင်ပြင်ဖြစ်အောင် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်နေမှုတို့ကို လည်းကောင်းရှင်းလင်းတင်ပြကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဝန်ကြီးက ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန် ၁၀ ခုမှ စက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိဘများနှင့် ဇနီး ဒေါ်ကျင်သိန်း တစ်နှစ်ပြည့်အား ရည်စူး၍ အမှတ်(၃) ဝတ်ကျောင်းလမ်း ရေကျော် ပုဇွန်တောင်မြို့နယ် အင်ကြင်းဖြူစတိုးနေ ဦးမြသန်း မိသားစုက ဗဟန်းမြို့နယ်ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ် ၂၅၀၀၀၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။** (က-ပ)

# နေပြည်တော်-မန္တလေး အမြန်ရထား နေ့ချင်းပြန်ခရီးစဉ် ဇွန် ၇ ရက်( ယနေ့ )စတင်ပြေးဆွဲမည်
# ဝင်ချိန်ထွက်ချိန်များ မှန်ကန်ရေးနှင့် ပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေး
# ရထားလမ်း၊ ရထားတွဲများ ကြံ့ခိုင်ပြီး သန့်ရှင်းကောင်းမွန်အောင် ဆောင်ရွက်

နေပြည်တော် ဇွန် ၆

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၄ရက် နံနက်၆နာရီတွင် မန္တလေးမြို့သို့ အမြန်ရထားဖြင့် ထွက်ခွာလာပြီး ရန်ကုန်-မန္တလေးမီးရထား ဒွေးလမ်းဖောက်လုပ်ပြီးစီးမှုနှင့် နေပြည်တော်-မန္တလေးနေ့ချင်းပြန် အမြန်ရထားပြေးဆွဲမည့် ခရီးစဉ်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။**

## ကြည့်ရှုစစ်ဆေး

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ဇွန် ၄ရက် နံနက် ၆နာရီတွင် နေပြည်တော်မှ မန္တလေးသို့ပြေးဆွဲမည့် အမြန်ရထားဖြင့် ထွက်ခွာလာပြီး ရန်ကုန်-မန္တလေးမီးရထား ဒွေးလမ်းပေါ်ရှိ သံလမ်းခင်းခြင်းနှင့် တံတား တည်ဆောက်မှုလုပ်ငန်းများနှင့် နေပြည်တော်-မန္တလေး နေ့ချင်းပြန် အမြန်ရထားပြေးဆွဲမည့် ခရီးစဉ် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များအား နေပြည်တော်-မန္တလေး အမြန်ရထားပေါ်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ရန်ကုန်-မန္တလေး မီးရထား ဒွေးလမ်းဖောက်လုပ်ပြီးစီးမှု၊ ရထားလမ်းများ ကျောက်ဖြည့်ခြင်းနှင့် ဇလီဖားတုံးများ လဲလှယ်ပြီးစီးမှု၊ ရန်ကုန်-မန္တလေး ရထားလမ်းတွင် နေ့စဉ်ပြေးဆွဲနေသည့် ရထားခရီးစဉ်များနှင့် မကြာမီ နေပြည်တော်-မန္တလေး နေ့ချင်းပြန် အမြန်ရထား ပြေးဆွဲမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

## အဆင်ပြေသွားလာနိုင်ရေး

အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မီးရထားဒွေးလမ်း ဖောက်လုပ်မှုလုပ်ငန်းများကို စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေး၊ ရထားလမ်း၊ ရထားတွဲများ ကြံ့ခိုင်မှု၊ သန့်ရှင်းမှုကောင်းမွန်ရေး၊ ဘူတာများ စိမ်းလန်းစိုပြည်ရေး၊ ရထားဝင်ချိန်-ထွက်ချိန်များ မှန်ကန်ရေး၊ ရထားစီးပြည်သူများ စိတ်ချမ်းမြေ့စွာဖြင့် အဆင်ပြေသွားလာနိုင်ရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

အဆိုပါ နေပြည်တော်-မန္တလေး အမြန်ရထား နေ့ချင်းပြန် ခရီးစဉ်ကို ဇွန် ၇ရက်မှ စတင်ပြေးဆွဲမည် ဖြစ်သည်။

အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီ မိနစ်၅၀တွင် မန္တလေးဘူတာသို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်၊ ဒုတိယတိုင်းမှူး၊ မန္တလေး မြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ဇွန် ၅ရက် နံနက်ပိုင်းတွင် တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၆)သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီးနောက် အမြန်ရထားဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်အား မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများက မန္တလေးဘူတာတွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

## ရှင်းလင်းတင်ပြ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အား ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းက ရန်ကုန်-မန္တလေးရထားလမ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။** (သတင်းစဉ်)

## ပုညာရာမဆရာတော် ထပ်ဆင့်ပူဇော်ပွဲ

**ရန်ကုန် ဇွန် ၆**

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ၏ ဓမ္မကထိကဗဟုဇနဟိတ ဓရဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းခံရသော ရန်ကုန်တိုင်း သာကေတမြို့နယ် (၉)ရပ်ကွက် နဝရတ်လမ်း ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပုညာနန္ဒ အရှင်သူမြတ်အား တပည့်သံဃာ၊ဒါယကာ၊ ဒါယိကာမများက ထပ်ဆင့်ပူဇော်ပွဲကို ၁၃၆၈ခုနှစ် (နယုန်လပြည့်နေ့) ဇွန် ၁၀ရက် စနေနေ့ နံနက် ၉နာရီတွင် ပုညာရာမ မိုးကုတ်ဝိပဿနာ ကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲတွင် ပင့်သံဃာ ၁၀၈ပါးတို့ကို လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဆရာတော်ကြီး ၁၈ပါးတို့ကို အထူးပူဇော်ခြင်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

**ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်း အမှတ် ၁၅/၁၀နေ ဒေါ်အုန်းကြည်က ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအုပ်ချုပ်ရေးအဖွဲ့တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။** (က-ပ)

## မြန်မာ့ရုပ်မြင်သံကြား

**၇-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၀ ၇။ အဆိုပြိုင်ပွဲ
၈:၂၀ ၈။ ဂုံညင်းတန်းတံတား
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၁၇:၂၅ ၇။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၈။ သီချင်းကြီးပဒေသာ
၁၇:၄၅ ၉။ **"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-သက်တင်)
၁၇:၅၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၀၀ ၁၁။ ညနေခင်းသတင်း
၁၈:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉:၀၅ ၁၄။ အတီးပြိုင်ပွဲ
၁၉:၁၅ ၁၅။ တေးဂီတအစီအစဉ်
၁၉:၃၀ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉:၄၅ ၁၇။ **"အမြင်သစ် အသွင်သစ် ဒို့ကျေးရွာ"** (ရှမ်းပြည်နယ် တောင်ပိုင်း၊ လဲချားမြို့နယ်၊ မတ်လန်းကျေးရွာ)
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **"စာအုပ်အတွင်းမှ သီချင်းများ"** (ဗိုလ်ကလေးတင့်အောင် စီစဉ်တင်ဆက်သည်)
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

# အမေရိကန်က အီရန်အပေါ်ထိပါးခဲ့လျှင် ရေနံကုန်သွယ်မှု ထိခိုက်လိမ့်မည်ဟု ခါမေနီပြောကြား

တီဟီရန် ဇွန် ၆

**အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံအပေါ်ထိပါးခဲ့လျှင် ဒေသတွင်း ရေနံကုန်သွယ်မှုကို ထိခိုက်လိမ့်မည်ဖြစ်ကြောင်း အီရန်ဘာသာရေးခေါင်းဆောင် အယာတိုလာအလီခါမေနီက ဇွန်၄ရက်၌ ရုပ်မြင်သံကြားမှ မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။**

**တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ပြပွဲတွင် ပိုစတာဒီဇိုင်းများ ဝတ်ဆင်ထားသော အလှမယ်တစ်ဦးကို ဇွန် ၄ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

အီရန်နိုင်ငံသည် ငြိမ်းချမ်းသော နျူကလီးယားစွမ်းအင်အတွက် ၎င်း၏ အခွင့်အရေးများကို စွန့်လွှတ်မည်မဟုတ်ကြောင်း ခါမေနီက ကြေညာလိုက်သည်။ ရေနံချမ်းသာသော ပင်လယ်ကွေ့နိုင်ငံများသို့ အဝင်အထွက်ပြုလုပ်သော ပင်လယ်ရေကြောင်းသွားလာမှုကို ထိန်းချုပ်ထားသည့် မဟာဗျူဟာကျသော ရေကြောင်းဖြစ်သည့် ဟာမက်ဇ်ရေလက်ကြားနှင့် အီရန်သည် အနီးဆုံးနိုင်ငံဖြစ်သည်။

### အိုပက်အဖွဲ့ဝင်

အီရန်သည် ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ကမ္ဘာတွင် ရေနံထုတ်လုပ်မှု၌ စတုတ္ထမြောက်နိုင်ငံဖြစ်သည်။

### ခြိမ်းခြောက်

အီရန်သမ္မတ မာမွတ်အာမက်နီဂျက်ဒ်က အီရန်သည် အနောက်နိုင်ငံများနှင့် နျူကလီးယားကိစ္စများအပေါ် တရားမျှတပြီး ချွတ်ယွင်းချက်မရှိသော ဆွေးနွေးမှုများကို ပြုလုပ်သွားရန် အသင့်ရှိကြောင်း ပြောကြားပြီး နောက်တစ်နေ့တွင် ခါမေနီက ယခုကဲ့သို့ ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်။

### အပြစ်ပေးရန်ဆုံးဖြတ်

ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်ငါးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် ဥရောပနိုင်ငံများက အီရန်နိုင်ငံ၏ယူရေနီယံထုတ်လုပ်မှုလုပ်ငန်းများကိုရပ်ဆိုင်းရန် မက်လုံးပေးကမ်းလှမ်းမှုနှင့် အီရန်နိုင်ငံက မလိုက်လျောလျှင် အပြစ်ပေးရန်ဆုံးဖြတ်ချက်ကို ကြာသပတေးနေ့က သဘောတူညီခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မဟာတံတိုင်းကြီးကို ပြန်လည်ပြုပြင်မည်

**ပေကျင်း ဇွန် ၆**

တရုတ်နိုင်ငံ ပေကျင်းမြို့ ရန်ကျင်းစီရင်စုတွင် မဟာတံတိုင်းကြီးအား ပြန်လည်ပြုပြင်ထိန်းသိမ်းရန်အတွက် ဇွန်၄ရက်က စစ်ဆေးမှုများ ပြုလုပ်နေကြောင်း သိရသည်။ **(အပေါ်ပုံ)**

### ဆောင်ရွက်နေ

ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် စစ်ဆေးမှုများကို ၂၀၀၆ခုနှစ် မတ်လမှစတင်ဆောင်ရွက်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

### ကြိုးပမ်း

မဟာတံတိုင်းကြီးအား ပြန်လည်ပြုပြင်မွမ်းမံခြင်းသည် ကမ္ဘာ့အံ့ဖွယ်အဆောက် အအုံတစ်ခုအား ထိန်းသိမ်းကာကွယ်ရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း ရှေးဟောင်း အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး မြူနီစီပယ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ မြေအောက်ရထားပေါ်တွင် အနံ့ခံခွေးများဖြင့် ဖောက်ခွဲရေးပစ္စည်းများ ရှာဖွေနေသည်ကို ဇွန် ၅ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# အီရတ်အရပ်သားများ အစုလိုက်အပြုံလိုက်သေဆုံးမှု ကန်တပ်ဖွဲ့၌ အပြစ်မရှိကြောင်းကြေညာချက် အီရတ်ပယ်ချ

ဘဂ္ဂဒက် ဇွန် ၆

**အီရတ်နိုင်ငံ အစ်ရှာကီမြို့တွင် အမေရိကန်တို့တိုက်ခိုက်မှုကြောင့် အရပ်သားများသေဆုံးမှုတွင် အမေရိကန်စစ်ဘက်က ၎င်းတို့၏တပ်ဖွဲ့ဝင်များတွင်အပြစ်မရှိကြောင်း ထုတ်ပြန်ကြေညာချက်ကို အီရတ်က လက်မခံဘဲပယ်ချလိုက်ပြီးနောက် ယင်းကိစ္စတွင် ကိုယ့်ဘာသာ စုံစမ်းစစ်ဆေး ဖိအားပေးရန် စနေနေ့က သန္နိဋ္ဌာန်ချမှတ်လိုက်သည်။**

လွန်ခဲ့သည့်နှစ်က ဟာဒီသာမြို့မှ အရပ်သားများ အစုလိုက်အပြုံလိုက် သတ်ဖြတ်သည်ဆိုမှုအပါအဝင် အရပ်သားများ သေဆုံးရသည့်ဖြစ်စဉ် သုံးလေးခုတွင် အမေရိကန်တို့ထံမှ လျော်ကြေးနှင့်တကွ ဝန်ချတောင်းပန်မှုကိုလည်း တောင်းဆိုမည်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ် အယ်မာလီကီ၏ လက်ထောက်အက်နန် အယ်ကာဇီမီက ပြောကြားသည်။

### ထုတ်ပြန်

အစ်ရှာကီမြို့မှ မိသားစုတစ်စုအား အမေရိကန်တပ်ဖွဲ့ဝင်များက သတ်ဖြတ်ပြီးနောက် လေကြောင်းမှ တိုက်ရန်ညွှန်ကြားပြီး အမှုကို ဖုံးဖိဖျောက်ဖျက်ရန် ကြိုးပမ်းသည်ဆိုခြင်းအား လုံးဝအချေအမြစ်မရှိကြောင်း အမေရိကန်စစ်ဘက်က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

မသင်္ကာဖွယ် အယ်ခိုင်ဒါအဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန် နေအိမ်တစ်အိမ်ကို စီးနင်းစဉ် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ကြကြောင်း၊ တုံ့ပြန်ပစ်ခတ်လာသဖြင့် လေကြောင်းအကူအညီခေါ်ယူခဲ့ရကြောင်း၊ လေကြောင်းမှ တိုက်ခိုက်သဖြင့် နေအိမ်အဆောက်အအုံပျက်စီးပြီး စစ်သွေးကြွတစ်ဦးသေဆုံးသည့်ပြင်၊ ဆက်စပ်သေဆုံးသူ ကိုးယောက်အထိရှိကြောင်း အမေရိကန်စစ်ဘက်ကြေညာချက်တွင် ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

# ဗြိတိန်၌ လူငယ်နှစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရ

**လန်ဒန် ဇွန် ၆**

ဗြိတိန်နိုင်ငံ မန်ချက်စတာမြို့တွင် အသက် ၁၅နှစ်အရွယ်ရှိ လူငယ်တစ်ဦး ဇွန်၄ရက်က သေနတ်ဖြင့် ငါးချက်အပစ်ခံရသောကြောင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး တခြားလူငယ်တစ်ဦးလည်း သေနတ်ထိမှန်ခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။

စနေနေ့ ညသန်းခေါင်မတိုင်မီအချိန်တွင် လူငါးဦးခန့် ပါလာသော ငွေရောင်ကားတစ်စီးက လူငယ်အုပ်စုဘေးသို့ထိုးရပ်ပြီး လူတစ်ဦးသည် ကားပေါ်မှဆင်း၍ လူငယ်အုပ်စုအတွင်းသို့ သေနတ်ဖြင့်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

### ဒဏ်ရာပြင်းထန်

အသက် ၁၅နှစ်ရှိ လူငယ်သည် ရင်ဘတ်၊ ကျော၊ ပေါင်ခြံ၊ တင်ပါးနှင့် ပေါင်တို့တွင် ထိမှန်ခဲ့သောကြောင့် ဒဏ်ရာပြင်းထန်စွာ ရရှိခဲ့သည်။

### ထိမှန်

အသက် ၁၃နှစ်အရွယ်ရှိ လူငယ်သည် ဘယ်ဘက်ခြေထောက်ကို ထိမှန်ခဲ့သည်။ ယင်းပစ်ခတ်မှုသည် ကြုံရာလှမ်းပစ်သွားသည့် လက္ခဏာမဟုတ်ပေ။ သို့သော် ယင်းလူငယ်နှစ်ဦးအား ရည်ရွယ်တိုက်ခိုက်ခြင်း ဟုတ်မဟုတ်ဆိုသည်ကို မိမိတို့မပြောနိုင်ကြောင်း ရဲမှူးဂါရီက သတင်းထောက်များကို ပြောကြားသည်။ သေနတ်ပစ်ခတ်မှုနှင့်ဆိုင်သော ရာဇဝတ်မှုများသည် မကြာသေးမီနှစ်များအတွင်း ဗြိတိန်တွင် မြင့်တက်လာလျက်ရှိသည်။ ထိုသို့ဖြစ်ရခြင်းသည် မူးယစ်ဆေးသုံးစွဲမှုကြောင့်ဟု ယူဆရသည်။ **အမ်အင်အေ၊ရိုက်တာ**

**ဂျာမနီနိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် နိုင်ငံများအား ကိုယ်စားပြု ထုလုပ်ထားသော ကြံ့ပန်းပုရုပ်များကို ဇွန်၅ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# တရုတ်နှင့် ကာဇက်စတန်နယ်စပ်၌ ကုန်သွယ်ရေးဇုန် တည်ဆောက်

ပေကျင်း ဇွန် ၆

**တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှင်ကျန်းဒေသတွင် တရုတ်နှင့် ကာဇက်စတန်နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးဇုန် တည်ဆောက်ခြင်းကို တရုတ်ဘက်မှနေ၍ ဇွန်၄ရက်က စတင်ကာတည်ဆောက်နေပြီဖြစ်သည်။**

တရုတ်-ကာဇက်စတန်နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် ရေနံပိုက်လိုင်းသွယ်ခဲ့ပြီးနောက်ပိုင်း ယခုတည်ဆောက်နေသော နိုင်ငံတကာနယ်စပ်ပူးပေါင်း ဆောင်ရွက်ရေးစင်တာ ကာဂတ်စ်သည် နောက်ထပ် မဟာဗျူဟာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းဖြစ်သည်ဟု ကာဇက်စတန် စက်မှုနှင့်ကုန်သွယ်ရေးဝန်ကြီး ဗလာဒီမာက ပြောကြားသည်။ ယင်းစင်တာသည် နှစ်နိုင်ငံ စီးပွားရေးနှင့် ကုန်သွယ်မှုမြင့်မားစေရန်အတွက် အထောက်အကူ ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း ဗလာဒီမာက ဧပြီလ၌ တရုတ်နိုင်ငံ ရှန်ကျန်သို့ အလည် အပတ်ရောက်ရှိခဲ့စဉ်က ပြောကြားခဲ့သည်။

**ခန့်မှန်း**

၎င်းစင်တာ တည်ဆောက်ခြင်းအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ ၁ဒသမ၂၅ ဘီလီယံရှိပြီး ငါးနှစ်နှင့် ခုနစ်နှစ် အတွင်း ဖွင့်လှစ်နိုင်မည်ဟုခန့်မှန်းထားကြောင်း ကာဂတ်စ်စင်တာမှ အုပ်ချုပ်မှု ဒါရိုက်တာ လိုင်ရှင်ယွမ်က ပြောကြားသည်။

ကာဇက်စတန်ဘက်မှမြေဒသမ ၂၈စတုရန်းကီလိုမီတာဖြစ်ပြီး တရုတ်နိုင်ငံဘက်မှ ၃ဒသမ၄၃ စတုရန်းကီလိုမီတာ အကျယ်အဝန်း ဖြစ်သည်။ ထို့အပြင် တရုတ်နိုင်ငံဘက်တွင် အရန်မြေအကျယ် ၉ ဒသမ ၇၃ စတုရန်းကီလိုမီတာထားရှိမည်ဖြစ်သည်။

**အဆိုပြု**

ကာဇက်စတန်ဘက်မှ တည်ဆောက်ခြင်းလုပ်ငန်းများကို မတ်လတွင် စတင်လုပ်ဆောင်ခဲ့သည်။ ၂၀၀၃ ခုနှစ် ဇွန်လက ယင်းကုန်သွယ်ရေးဇုန်တည်ဆောက်ရန်အတွက် ကာဇက်စတန် သမ္မတက တရုတ်နိုင်ငံ သမ္မတဟူကျင်တောင်အား အဆိုပြုခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

**ဟန်ဂေရီနိုင်ငံ ဘူဒါပက်မြို့ အနောက်တောင်ပိုင်း ဆိုမိုဂျီဘာဘော့ဒေသတွင် ကျင်းပသည့် ခရီးကြမ်း ကားမောင်းပြိုင်ပွဲ၌ ဝင်ရောက် ယှဉ်ပြိုင်သည့် ကားတစ်စီး နွံနစ်နေသည်ကို ဇွန်၄ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

**အင်ဒိုနီးရှားနိုင်ငံတွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများအောက်မှ အသက်ရှင်လျက် ရှာဖွေတွေ့ရှိခဲ့သည့် သုံးလသားအရွယ် ကလေးငယ်တစ်ဦးကို ဇွန် ၄ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)

# ဂျပန်ကယ်ဆယ်ရေးအဖွဲ့ အင်ဒိုနီးရှားသို့စေလွှတ်

**တိုကျို ဇွန် ၆**

အင်ဒိုနီးရှားငလျင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အဖွဲ့ဝင် ၁၀၀ပါဝင်သော ဂျပန်ကယ်ဆယ်ရေးအဖွဲ့သည် ဇွန်၄ရက်က ထွက်ခွာသွားခဲ့ကြောင်း ကျိုဒိုသတင်းမှ ထုတ်ပြန်ခဲ့သည်။

**ဆောင်ရွက်ကြမည်**

နိုင်ငံတော် ကာကွယ်ရေးတပ်ဖွဲ့ (အက်စ်ဒီအက်ဖ်)မှ အဖွဲ့ဝင် ၁၀၀သည် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမှတစ်ဆင့် ငလျင်ဒဏ်အဆိုးရွားဆုံးခံရသော ဂျော့ဂျ်ဂျကာတာမြို့သို့ တနင်္ဂနွေနေ့က ရောက်ရှိခဲ့ကြသည်။ ၎င်းတို့သည် ယင်းမြို့တွင် ဆေးဘက်ဆိုင်ရာ အကူအညီပေးနေကြသော အဖွဲ့ဝင် ၄၉ဦးနှင့်ပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ကြမည်ဖြစ်သည်။

၂၀၀၄ခုနှစ်က အိန္ဒိယသမုဒ္ဒရာတွင် ဆူနာမီဒီလှိုင်းများဖြစ်ပေါ်ခဲ့ပြီးနောက် ဂျပန်နိုင်ငံသည် အင်ဒိုနီးရှား၌ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကယ်ဆယ်ရေးအဖွဲ့ဝင် ၉၀၀ကိုစေလွှတ်ပေးခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ရုရှားတောင်ပိုင်း၌ ကားနှင့်ရထားတိုက်မိ

**မော်စကို ဇွန် ၆**

ရုရှားနိုင်ငံတောင်ပိုင်း၌ ဇွန် ၃ရက်က ခရီးသည်တင်ရထားတစ်စင်းနှင့် ဘတ်စ်ကား တစ်စီးတို့ တိုက်မိကြရာ အနည်းဆုံး လူခြောက်ဦးသေဆုံးပြီး အချို့ဒဏ်ရာ ရရှိသွားကြောင်း ရုရှားသတင်းအေဂျင်စီများက ဖော်ပြသည်။

ယင်းရထားနှင့် ကားတိုက်မှုသည် မော်စကိုမြို့တောင်ဘက် ကီလိုမီတာ ၇၀၀အကွာ ဗိုရွန်နက်ဒေသ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အီတာတာ့စ် သတင်းဌာနက ဖော်ပြသည်။ ဘတ်စ်ကားပေါ်တွင် ခရီးသည် ၅၀ခန့်လိုက်ပါလာကြောင်း၊ သေဆုံးသူများ၏အသေးစိတ်ကိုဖော်ပြထုတ်ပြန်ခြင်းမရှိကြောင်း ယင်းသတင်းဌာနက ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**

# ပါကစ္စတန်၌ ဗုံးပေါက်ကွဲ

**အစ္စလမ္မာဘတ် ဇွန် ၆**

ပါကစ္စတန်နိုင်ငံ ဘာဂျာဒေသတွင် ညပိုင်း၌ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ဇွန် ၃ ရက်ကပြောကြားသည်။

ပေါက်ကွဲမှုသည် ဘာဂျာအေဂျင်စီဌာနချုပ်အနီးတွင် ည၉နာရီခွဲ အချိန်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ ကင်းလှည့်နေသော လမ်းပေါ်ရှိ သံသယရှိသော အိတ်တစ်လုံးအနီးသို့ ချဉ်းကပ်သွားစဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အဝေးထိန်းခလုတ်ဖြင့် ဖောက်ခွဲခဲ့သော ယင်းဗုံးပေါက်ကွဲမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ တာဝန်ရှိကြောင်း ပြောကြားသူမရှိသေးပေ။ ယခုနှစ် ဇန်နဝါရီလက ဘာဂျာဒေသရှိ ကျေးရွာတစ်ရွာအား အမေရိကန်တို့ ဗုံးကြဲခဲ့ပြီးကတည်းက လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းကို ပိုမိုလုပ်ဆောင်လာခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ကမ္ဘာတစ်လွှား ထူးထူးခြားခြား

# ဘီစီ ၁၀ရာစုနှစ်က လူဦးခေါင်းခွံ

**ဘီစီ ၁၀ရာစုနှစ်က လူဦးခေါင်းခွံတစ်ခုကို တွေ့ရစဉ်။** (အပေါ်ပုံ) အဆိုပါ ဦးခေါင်းခွံကို ရောမမြို့ အလယ်ပိုင်းတွင်မြေအောက်မှ တူးဖော်တွေ့ရှိရခြင်းဖြစ်ပြီး ရှေးခေတ်အမျိုးသမီးတစ်ဦး၏ ဦးခေါင်းခွံဖြစ်ကြောင်း၊ ၎င်းဦးခေါင်းခွံသည် လွန်ခဲ့သောဘီစီ ၁၀ရာစုနှစ်က အသက်ရှင်နေထိုင်ခဲ့သော အမျိုးသမီးတစ်ဦး၏ ဦးခေါင်းခွံဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

**(အင်တာနက်)**

# ကမ္ဘာ့အမြင့်ဆုံး သာမိုမီတာ

**ကမ္ဘာပေါ်တွင်အမြင့်ဆုံး သာမိုမီတာကြီးတစ်ခုကို တွေ့ရစဉ်။** (အောက်ပုံ)

အဆိုပါသာမိုမီတာကိရိယာကြီးကို အမေရိကန်နိုင်ငံ ချီကာဂိုမြို့တွင် တည်ဆောက် ထားခြင်းဖြစ်ပြီး ၂၁၈ပေမြင့်ကြောင်း သိရသည်။ ၎င်းသာမိုမီတာကြီးကို အိန္ဒိယနိုင်ငံမှ ကုမ္ပဏီတစ်ခုက တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး မော်တော်ယာဉ်များအတွက်အပူချိန်၊ အအေးချိန်များနှင့် ပတ်သက်ပြီး သိရှိနိုင်ရန် တည်ဆောက်ထားခြင်းဖြစ်သည်။ ၎င်းသာမိုမီတာကြီးကို ကြည့်ခြင်းအားဖြင့် ယာဉ်မောင်းများ အနေဖြင့် မိမိတို့၏ မော်တော် ယာဉ်အင်ဂျင်စက်များကို စစ်ဆေးထိန်းသိမ်းနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**



# မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား ရင်ခုန်ခံစားပြည်သူများ

## တွေ့ဆုံမေးမြန်းသူ-မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)

**ရန်ကုန် ဇွန် ၆**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ဂျာမနီနိုင်ငံ၌ ဇွန် ၉ ရက်မှ ဇူလိုင် ၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲရက် နီးကပ်လာချေပြီ။

က ဂျာမနီက အိမ်ရှင်ဖြစ်၍ ဘရာဇီး နှင့် ဗိုလ်လုပွဲမှာ တွေ့နိုင်ကြောင်း အမျိုးမျိုးအဖုံဖုံ အားပေးရင်းဖြင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ရင်ခုန်စွာဖြင့် စောင့်စားနေကြသည်။

**"ချစ်ကြည်ရေးပွဲ ဂျမေကာနှင့်ပွဲမှာ ဟက်ထရစ်ဂိုးရှင် ပီတာခရောင့်ချ်ရဲ့ ကစားဟန်ကို သဘောကျ"**

တက္ကစီယာဉ်မောင်း ကိုမိုက်ကယ်။

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

### အထွတ်အထိပ်

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသည် ဘောလုံးလောကတွင် အထွတ်အထိပ် ပြိုင်ပွဲကြီးဖြစ်သည်။ လေးနှစ်တွင် တစ်ကြိမ် ကျင်းပခြင်းဖြစ်၍ ကြုံတောင့်ကြုံခဲပြိုင်ပွဲကြီးလည်းဖြစ်သည်။

သို့ဖြစ်၍လည်း ဘောလုံးချစ်သူ ဘောလုံးဝါသနာအိုးများက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးကို ရင်ခုန်စွာဖြင့် မျှော်လင့် စောင့်စားနေကြသည်။

**"ဘရာဇီးအသင်းရဲ့ ရှေ့တန်း၊ နောက်တန်း၊ အလယ်တန်း အားလုံးကောင်းတယ်"**

ဆိုက်ကားဆရာ ကိုအေးမင်းဦး

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

### အကြိုက်ဆုံး

အချို့သောသူများက အင်္ဂလန်အသင်းကို အကြိုက်ဆုံးဖြစ်ကြောင်း၊ အချို့သောသူများက ဘရာဇီးသာ ဗိုလ်စွဲနိုင်ကြောင်း၊ အချို့သောသူများက ပြင်သစ်အသင်းက ပို၍လူအင်အားတောင့်ကြောင်း၊ အချို့သောသူများ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့်ပတ်သက်၍ အားကစားဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းကျော်ညွှန့်အား မေးကြည့်ရာ "လက်ရှိပြင်ဆင်မှုအနေအထားအရ ဘရာဇီး၊ အင်္ဂလန်၊ ပြင်သစ်နှင့် ဂျာမနီအသင်းတွေကိုကြိုက်တယ်၊ အဲဒီလေးသင်းထဲကပဲ ဗိုလ်လုပွဲမှာ တက်လာနိုင်

**"ဒီနှစ်မှာ အာဂျင်တီးနား ဗိုလ်စွဲမယ်လို့ ထင်တယ်"**

ဝါသနာရှင် ဦးသိန်းအောင်

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

တယ်လို့ထင်တယ်လေ၊ အကုန်လုံးကတော့ ပြင်ဆင်ထားကြမှာပဲ၊ ဒါပေမယ့် ပေါ်တူဂီ၊ အီတလီနှင့် ခရိုအေးရှားအသင်းတွေဟာလဲ ဖျက်မြင်းတွေဖြစ်လာနိုင်တယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ဆက်လက်၍ ဒဂုံအလက(၂)မှ ဆရာမ ဒေါ်ခင်စုစုကြည်အား တွေ့ဆုံမေးမြန်းရာ၌ "ကျွန်မအနေနဲ့ကတော့ အင်္ဂလန်နှင့် ဘရာဇီးတို့ ဗိုလ်လုပွဲမှာ တွေ့မယ်လို့ထင်တယ်၊ ဂျာမနီကလဲ အိမ်ရှင်ဖြစ်လို့ ဗိုလ်လုပွဲတက်လာနိုင်တယ်။ အင်္ဂလန်အသင်းမှာဆို ဒေးဗစ်ဘက်ခမ်းရဲ့ ဘောလုံးအကွက်ဆင်ပေးပို့မှုကို ကြိုက်တယ်။ ဒါ့အပြင် ဘရာဇီးက တိုက်စစ်မှူးရော်နယ်ဒင်ဟို၊ ရော်နယ်ဒိုတို့ရဲ့ ကစားကွက်ကိုလဲ သဘောကျတယ်။ မကြာခဏလဲ

**"ကမ္ဘာ့ဖလား ဗိုလ်လုပွဲမှာ အီတလီနှင့် အာဂျင်တီးနားအသင်းတို့ ရောက်လာနိုင်"**

သရက်သီးသည် ကိုသိန်းမြင့်

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

**"လက်ရှိပြင်ဆင်မှု အနေအထားအရ ဘရာဇီး၊ အင်္ဂလန်၊ ပြင်သစ်နှင့်ဂျာမနီအသင်းတွေကို ကြိုက်တယ်"**

ဦးသန်းကျော်ညွန့်

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

အဲဒီ ကစားသမားတွေပါတဲ့ ပွဲဆိုကြည့်ဖြစ်တယ်"ဟု ပြောကြားသည်။

### နိုင်မည်

တစ်ဖန် ဆိုက်ကားဆရာ ကိုအေးမင်းဦးက "ဗိုလ်လုပွဲမှာ အင်္ဂလန်နှင့် ဘရာဇီး တွေ့နိုင်တယ်။ ဘရာဇီးအသင်းရဲ့ ရှေ့တန်း၊ နောက်တန်း၊ အလယ်တန်း အားလုံးကောင်းတယ်။ ဘရာဇီးကိုပဲကြိုက်တယ်" ဟုပြောကြားသည်။

**"ဒီနှစ်မှာ ဂျာမနီနဲ့ ဘရာဇီးအသင်းတို့ ဗိုလ်လုပွဲမှာ ဆုံမယ်လို့ ထင်တယ်"**

ဦးထွန်းမြင့်

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

ယင်းနောက် တာမွေမြို့နယ် ဗျိုင်းရေအိုးစင်လမ်းတွင် နေထိုင်သည့် ဘောလုံးဝါသနာရှင် ဦးသိန်းအောင်က "ဒီနှစ်မှာ အာဂျင်တီးနား ဗိုလ်စွဲမယ်လို့ထင်တယ်။ အုပ်စုပွဲမှာ ဂျာမနီ၊

**"ဘရာဇီးတိုက်စစ်မှူး ရော်နယ်ဒင်ဟို၊ ရော်နယ်ဒိုတို့ရဲ့ ကစားကွက်ကို သဘောကျတယ်"**

ဆရာမ ဒေါ်ခင်စုစုကြည်

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

အီကွေဒေါ်၊ အင်္ဂလန်၊ ပါရာဂွေး၊ အာဂျင်တီးနား၊ နယ်သာလန်၊ ပေါ်တူဂီ၊ မက္ကဆီကို၊ အီတလီ၊ ချက်၊ ဘရာဇီး၊ ခရိုအေးရှား၊ ပြင်သစ်၊ တောင်ကိုရီးယား၊ စပိန်နှင့် ယူကရိန်းအသင်းတွေ ဒုတိယအဆင့် တက်နိုင်မယ်လို့လဲ မျှော်လင့်ပါတယ်"ဟု မြန်မာ့အလင်းကို ပြောကြားသည်။

*စာမျက်နှာ ၇ ကော်လံ ၁ သို့*

# အင်တာနက် သတင်းနှင့် ဓာတ်ပုံများ

## ဆေးဝါးစမ်းသပ်ရာ၌ မျောက်ဝံများအသုံးပြုရန်လိုအပ်

ဆေးဝါးများစမ်းသပ်ရာ၌မျောက်ဝံများအသုံးပြုခြင်းကို ဝန်ကြီးများအနေဖြင့် မငြင်းပယ်သင့်ကြောင်းဖြင့် ဗြိတိန်ရှိဆေးဝါးသုတေသနကောင်စီ (အမ်အာရ်စီ) အကြီးအကဲပါမောက္ခ ကိုလင်းဘရိပ်မိုးက တိုက်တွန်းပြောကြားလိုက်သည်။

မျောက်ဝံများသည် လူသားများနှင့် လွန်စွာဆင်သည့်အတွက် ၎င်းတို့ကို ဆေးဝါးသုတေသန ပြုလုပ်ရာတွင် အသုံးပြုရေးကို မည်သည့်အခါမျှ အတည်ပြုပေးမည် မဟုတ်ကြောင်း ၁၉၉၇ ခုနှစ်တွင် ဗြိတိန်အစိုးရက ကြေညာသည်။ သို့သော် ထိုသို့မျောက်ဝံများကို အသုံးမပြုရဟူ၍ တားမြစ်သည့် ဥပဒေဗြိတိန်နိုင်ငံ၌ မရှိသေးပေ။ စမ်းသပ် သုတေသန ပြုလုပ်ခြင်းမှာ ရောဂါတစ်ခုခုအတွက် ကုသရန် တစ်ခုတည်းသောနည်းလမ်း ဖြစ်သည့်အတွက် စမ်းသပ်သုတေသနလုပ်ရန် လိုအပ်ကြောင်းဖြင့် ပါမောက္ခ ကိုလင်းဘရိပ်မိုးက ပြောဆိုသည်။

### စမ်းသပ်မှုမပြုဘဲ

ဗြိတိန်နိုင်ငံ၌ အဆင့်မြင့်ဆုံးနို့တိုက်သတ္တဝါများကို ဆေးဝါး စမ်းသပ်မှုမပြုရန် တိရစ္ဆာန်များ ကာကွယ်စောင့်ရှောက်ရေးအုပ်စုများက လိုလားသည်။

အောက်စဖို့ဒ်တက္ကသိုလ် တိရစ္ဆာန်သုတေသန စမ်းသပ်ခန်းနှင့် ပတ်သက်၍ ထောက်ခံသူများနှင့် ကန့်ကွက်သူများ အပြိုင်အဆိုင် အင်အားပြနေစဉ် ဆေးဝါးသုတေသန ကောင်စီအကြီးအကဲ ပါမောက္ခ ကိုလင်းဘရိပ်မိုးက အထက်ပါအတိုင်း တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

**(ကိုးကား-အင်တာနက်)**

# ဆိတ်နို့မှ ထုတ်ယူသည့် သွေးခဲခြင်းကာကွယ်သောဆေးဝါး ခွဲစိတ်ခံဝေဒနာရှင်များအတွက် သွေးခဲခြင်းမှ ကာကွယ်ပေးနိုင်

**မျိုးဗီဇပြုပြင်ထားသော တိရစ္ဆာန်မှ ဥရောပတွင် ပထမဆုံးဆေးဝါး ထုတ်လုပ်အသုံးပြုရန် ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့က တင်ပြထားသည်။**

**ဥရောပဆေးဝါးအေဂျင်စီ(အီးအမ်အီးအေ)က စာစောပိုင်းတွင် တိရစ္ဆာန်မှထုတ်ယူသည့် Atryn ဆေးဝါးအတွက် လိုင်စင်ထုတ်ပေးထားခြင်း မရှိကြောင်း ပြောကြားသည်။**

### မျိုးဗီဇ

**ယင်းဆေးဝါးသည်ဆိတ်နို့မှထုတ်ယူခြင်းဖြစ်သည်။သွေးခဲခြင်းကို ကာကွယ်ပေးသည့်လူ၏မျိုးဗီဇပါဝင်သည်။**

**၎င်း Atryn ဆေးဝါးသည်လူနာများခွဲစိတ်စဉ်ကာလအတွင်း သွေးစောစီးစွာ ခဲတတ်သည့် လူနာများအတွက် အသုံးပြုမည်ဖြစ်ကြောင်း အဆိုပါဆေးဝါးအေဂျင်စီက ပြောကြားသည်။**

### ကြုံရခဲ

**ထိုကဲ့သို့ သွေးခဲမှုမြန်ဆန်သောလူနာသည် လူ၃၀၀၀နှင့် ၅၀၀၀ အကြားတွင် တစ်ယောက်ကြုံရခဲသည်ဟုဆိုသည်။**

**ယင်းကဲ့သို့ သွေးခဲမြန်သောလူနာအတွက် ၎င်းဆေးဝါးကိုအသုံးပြုသင့်သည်ဟု ဆိုသည်။ ၎င်းဆေးတွင် သွေးခဲခြင်းကို ကာကွယ်ပေးသည့် ပရိုတင်းတစ်မျိုးပါဝင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။**

### ကာကွယ်ပေး

**အဆိုပါပရိုတင်းဓာတ်တွင် သွေးခဲခြင်းကိုကာကွယ်ပေးသည့် အင်တီသရိုဘင်နှင့် အင်တီကိုဂူလင့်န်ဓာတ်များပါဝင်သည်။**

**ယင်းဆေးမှာ မွေးလူနာများအတွက် သွေးခဲခြင်းကို ကာကွယ်ပေးရန်အတွက် အသုံးပြုနိုင်ကြောင်း သိရသည်။**

### သတိပေးထား

**လောလောဆယ်တွင် သွေးခဲမှုကို ကာကွယ်ပေးနိုင်သည့် အင်တီသရိုဘင်ဓာတ်ကို လူ၏သွေးရည်ကြည်မှ ထုတ်ယူနေရသည်ဟုဆိုသည်။ ယင်းကဲ့သို့ ထုတ်ယူခြင်းဖြင့် ရောဂါများကူးစက်နိုင်ကြောင်း ဆရာဝန်များက သတိပေးထားသည်။**

(ကိုးကား-အင်တာနက်)

**"ဒီနှစ်မှာ အင်္ဂလန် အ သင်း ကို အ ကြိုက် ဆုံး ဗျ"** ဂျာနယ်အရောင်း သမားကိုပေါ်ထူး။
ဓာတ်ပုံ– သိန်းဝင်းလေး (မြန်မာ့အလင်း)

**စာမျက်နှာ ၆ မှ**

ဆက်လက်၍ သတင်းဂျာနယ်စုံ အရောင်းဆိုင်မှ ကိုပေါ်ထူးကို မေးမြန်းကြည့်ရာ "ဒီနှစ်မှာ အင်္ဂလန်အသင်းကို အကြိုက်ဆုံးဗျ။ ဒါပေမယ့် ဗိုလ်စွဲနိုင်တဲ့အသင်းတွေကတော့ ဘရာဇီး၊ အင်္ဂလန်နှင့် ဂျာမနီအသင်းတို့ဖြစ်နိုင်တယ်"ဟုပြောကြားသည်။

တက္ကစီယာဉ်မောင်း ကိုမိုက်ကယ်ကို စနည်းနာကြည့်ရာတွင်လည်း အင်္ဂလန်အသင်းကို အကြိုက်ဆုံးဖြစ်ကြောင်း၊ ချစ်ကြည်ရေးပွဲမှာ ဂျမေကာနဲ့ ပွဲမှာ ဟက်ထရစ်ဂိုးရှင် ပီတာခရောချ်ရဲ့ ကစားကွက်ကိုလည်း သဘောကျကြောင်းပြောကြားသည်။

ဒဂုံအလက(၂)မှ အဋ္ဌမတန်းကျောင်းသူ မဇွန်ဇာနိုင်က ပေါ်တူဂီ

**"အင်္ဂလန်၊ ဘရာဇီးနှင့် ဂျာမနီ အသင်းများ ပို၍ ကြိုက်နှစ်သက်"** ရဲသူလွင်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

"ဘရာဇီးအသင်းဟာ အနုပညာဆန်ပြီး ဘောလုံးပညာဖြင့် ပရိသတ်ကို ဖျော်ဖြေမှုပေးနိုင်တဲ့ အသင်းဖြစ်တယ်လို့ ထင်တယ်၊ ဒီနှစ်မှာတော့ ဂျာမနီနဲ့ ဘရာဇီးအသင်းတို့ ဗိုလ်လုပွဲမှာ ဆုံမယ်လို့ထင်တယ်၊ အကြိုဗိုလ်လုပွဲမှာတော့ အင်္ဂလန်၊ ဂျာမနီ၊ အီတလီနှင့် ဘရာဇီးတို့ ရောက်နိုင်တယ်"ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ထိုမှတစ်ဖန် ကုန်စိမ်းရောင်းသည့် ဦးသိန်းမြင့်ကလည်း "ကမ္ဘာ့ဖလားဘောလုံးဗိုလ်လုပွဲမှာ အီတလီနှင့် အာဂျင်တီးနားအသင်းတို့ ရောက်လာနိုင်တယ်။ သူတို့၏ ကစားကွက်တွေကိုလည်း သဘောကျတယ်။ အမြဲတမ်းလည်း ပရီမီယာရှစ်ပွဲတွေ၊ ကမ္ဘာ့ဖလားခြေစမ်းပွဲတွေမှာ ကြည့်ဖြစ်ကြောင်း" ပြောကြားသည်။

**ရင်ခုန်နိုင်**

သို့ဖြစ်၍ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီး မကြာမီရက်အတွင်း ကျင်းပတော့မည်ဖြစ်၍ လေးနှစ်တွင်တစ်ကြိမ်ကြုံတောင့်ကြုံခဲ ကမ္ဘာ့ဖလားပွဲကြီးအတွက် လူကြီးလူငယ် ကျားမ မရွေး ဘောလုံးချစ်သူအပေါင်းတို့အနေဖြင့် ကမ္ဘာ့ဖလားကိုစောင့်စားရင်း ရင်ခုန်နိုင်ကြပါစေကြောင်း။ ။

**(မြန်မာ့အလင်း)**

# ဘောလုံးလောက၌ ကမ္ဘာ့ဖလားပြိုင်ပွဲ အထွတ်အထိပ်ဖြစ် အမျိုးမျိုး အပုံပုံ အားပေးရင်းဖြင့် ရင်ခုန်စွာ စောင့်စားနေ

**"အကြိုဗိုလ်လုပွဲတွင် အင်္ဂလန်၊ ပေါ်တူဂီ၊ ဘရာဇီးနှင့် ပြင်သစ် အသင်းများတက်ရောက်လာနိုင်"** မဇွန်ဇာနိုင်။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

အသင်းကို ပို၍ကြိုက်ကြောင်း၊ အကြိုဗိုလ်လုပွဲတွင် အင်္ဂလန်၊ ပေါ်တူဂီ၊ ဘရာဇီးနှင့် ပြင်သစ်အသင်းများတက်လာနိုင်ကြောင်း၊ ပေါ်တူဂီအသင်းမှာ ခရစ္စတီယာနိုရိုနာဒိုရဲ့ ကစားကွက်ကိုလည်းသဘောကျကြောင်း ပြောကြားသည်။

ယင်းနောက် အဋ္ဌမတန်း ကျောင်းသားရဲသူလွင်၊ ကျော်စွာခင်နှင့် အဋ္ဌမတန်း ကျောင်းသူအေးသဒတို့ကလည်း အင်္ဂလန်၊ ပြင်သစ်၊ ပေါ်တူဂီ၊ ဘရာဇီးနှင့် ဂျာမနီအသင်းများကို ပို၍ကြိုက်နှစ်သက်ကြောင်း မြန်မာ့အလင်းသို့ ပြောကြားကြသည်။

တစ်ဖန် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးထွန်းမြင့်ကို မေးကြည့်ရာတွင်

**"ဘရာဇီး၊ပြင်သစ်နှင့် ပေါ်တူဂီ အသင်းများ၏ ကစားကွက်ကို ကြိုက်နှစ်သက်"** အေးသဒ။
ဓာတ်ပုံ–သိန်းဝင်းလေး (မြန်မာ့အလင်း)

**ဇွန် ၄ ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံးခန်း၌ ကျင်းပသော ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲ အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်ဆွေဦး အမှာစကားပြောကြားစဉ်။** (က–ပ)

## ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်) ဆရာကန်တော့ပွဲ

**ရန်ကုန် ဇွန် ၆**

ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်)ကကြီးမှူး၍ ရန်ကုန်မြို့ရောက် ဝါးခယ်မ အထက–၁ နှင့် ၂၊ အလက–၁နှင့်၂တို့မှ သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးတို့အား (၁၂)ကြိမ်မြောက် ပူဇော်ကန်တော့ပွဲကို အသင်းတိုက်တည်ရှိရာ အမှတ် ၁၂ စဥ့်အိုးတန်းလမ်း ရန်ကုန်တွင် ဇွန် ၁၈ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ ကျင်းပမည်ဖြစ်သည်။

အကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ ကြွရောက်ကြပါရန်ဖိတ်ကြားထားပြီး အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဇွန် ၁၅ရက် နောက်ဆုံးထား၍ အသင်းတိုက် ဖုန်း–၂၂၆၅၉၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# နိုင်ငံ၏ လူဦးရေအများစုသည် ကျေးလက်နေပြည်သူများဖြစ် အသိပညာများ ချိန်ခါမရွေးဆည်းပူးနိုင်ရန် စာကြည့်တိုက်များတည်ထောင် စာဖတ်သူများတိုးပွားသည်နှင့်အမျှ အကျိုးဖြစ်ထွန်းမှုတိုးလာမည်

နေပြည်တော် ဇွန် ၆

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဦးမောင်ဖေလိုက်ပါလျက် ဇွန် ၄ရက် နံနက်ပိုင်းတွင် ရမည်းသင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ရောက်ရှိပြီး ဌာနဆိုင်ရာလုပ်ငန်းများ ကြည့်ရှုစစ်ဆေးကာ ခရိုင်အတွင်းမှ ဝန်ထမ်းများ၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ဗီဒီယိုအခြေခံအဖွဲ့တို့အား တွေ့ဆုံမှာကြားသည်။**

**အလေးထား**

ဒုတိယဝန်ကြီးက မှာကြားရာတွင် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ထားပြီးဖြစ်၍ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်၏ လူဦးရေအများစုသည် ကျေးလက်နေပြည်သူများဖြစ်ပြီး ၎င်းတို့အတွက် အသိပညာ အတတ်ပညာများ ချိန်ခါမရွေး လေ့လာဆည်းပူးနိုင်ရန် စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်အောင်မြင်ရေးအတွက် မိမိတို့သည် ကျေးလက်နေပြည်သူများအထိ ပညာဗဟုသုတများ၊ ဖြန့်ဖြူးပေးရန် အရေးကြီးကြောင်း၊ထို့ကြောင့် စာတတ်သူတိုင်း စာပေဖတ်ရှုလေ့လာနိုင်ရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စာဖတ်ပရိသတ်များ တိုးပွားလာသည်နှင့်အမျှ အကျိုးဖြစ်ထွန်းမှု တိုးပွားလာမည်ဖြစ်ကြောင်း၊ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေး အစရှိသည့် လူမှုရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ဆောင်ရန်/ရှောင်ရန် အချက်များကို အချိန်မီသိရှိအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရင်းဖြင့် ပြည်သူများ၏ အားထားယုံကြည်မှု ရရှိလာပါက ပြည်သူ့အကျိုးပြု လုပ်ငန်းများ ထိရောက်အောင်မြင်လာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးကိုလည်း အလေးထား ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ရမည်းသင်းမြို့နယ် ခတင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဖွင့်လှစ်ထားသော ဗုဒ္ဓရောင်ခြည်စာကြည့်တိုက်နှင့် ရွှေဓားသာစည်ကျေးရွာ အားမာန်သစ်စာကြည့်တိုက်တို့ကို သွားရောက်ကြည့်ရှုအားပေးပြီး စာကြည့်တိုက် ရေရှည်တည်တံ့ရှင်သန်ရေးအတွက် လိုအပ်သည်များ အကြံပြုပြောကြားကာ စာကြည့်တိုက်အတွက် ဗွီစီဒီနှင့် စာအုပ်များပေးအပ်လှူဒါန်းခဲ့သည်။ **(သတင်းစဉ်)**

## ဝိုင်အမ်ဘီအေ နှစ် ၁၀၀ ပြည့်စာမူဆု ဂုဏ်ပြုပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၆**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (YMBA)နှစ် ၁၀၀ ပြည့်ပွဲတော်အထိမ်းအမှတ်ကဗျာပြိုင်ပွဲနှင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုအသီးသီးရရှိသူများအား ဂုဏ်ပြုကျင်းပမည်ဖြစ်ရာ ဝိုင်အမ်ဘီအေအသင်း ပုဇွန်တောင်မြို့နယ် ရေကျော်လမ်း အမှတ် ၇၇သို့ ဇွန် ၁၇ရက် (စနေနေ့) နံနက် ၉နာရီတွင် ကြွရောက်ပါရန်နှင့် ဖုန်း–၂၉၀၄၀၉၊ ၂၉၉၇၁၄နှင့် ၂၉၁၃၄၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(၃၅၂)**

## တရုတ်ပြည်သူ့တပ်မတော်လေ့လာရေးအဖွဲ့ ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိ

**ရန်ကုန် ဇွန် ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့တပ်မတော် Naval Command College မှ ဒုတိယကျောင်းအုပ်ကြီး Rear Admiral Li Tiemin ဦးဆောင်သော အဖွဲ့ဝင်ခြောက်ဦးပါ လေ့ကျင့်ရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ယမန်နေ့ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ပြည်သူ့တပ်မတော် Naval Command College မှ ဒုတိယကျောင်းအုပ်ကြီး Rear Admiral Li Tiemin ဦးဆောင်သော လေ့ကျင့်ရေးဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ဒုတိယစစ်သံမှူး Col. Xiong Shaowei နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## သောက်ရေသန့်နှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် စစ်မှန်ပြီး အရည်အသွေးပြည့်မီသော သောက်ရေသန့်များကို အများပြည်သူတို့ သောက်သုံးနိုင်ရန်နှင့် သောက်ရေသန့်များ၏ အရည်အသွေးကို ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပြည်နယ်/တိုင်းများရှိ ဈေးကွက်များမှ သောက်ရေသန့်နမူနာများကိုစစ်ဆေးရာ အောက်ဖော်ပြပါ သောက်ရေသန့် အမှတ်တံဆိပ်များမှာ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်(သောက်ရေသန့်)ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိထားခြင်းမရှိပါသဖြင့် အရည်အသွေး အာမခံချက်မရှိသော သောက်ရေသန့်များဖြစ်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | သောက်ရေသန့် အမှတ်တံဆိပ် | လုပ်ငန်းတည်ရှိရာ လိပ်စာ ဖော်ပြချက် |
|---|---|---|
| ၁။ | National | Myanmar Construction Material Shop Strand Road, Anawar Quarter, Kawthaung, Myanmar |
| ၂။ | White Shark | 231, Pagoda Road, Anawar Quarter, Kawthaung, Myanmar |
| ၃။ | Ready | No. 839, Paw Oo Road, Aye Yeit Nyain Quarter, Kawthaung, Myanmar |
| ၄။ | Anchor | No.1, Ywama Street, Shwe Hin Tha Ward, Kawthaung, Myanmar |

၃။ ကျန်းမာရေးဦးစီးဌာန၏ အစားအသောက်(သောက်ရေသန့်)ထုတ်လုပ်ခြင်းထောက်ခံချက်လက်မှတ် ရရှိထားခြင်းမရှိသော အစားအသောက်(သောက်ရေသန့်)များထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ရန်နှင့်လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း သတိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပညာရပ်ဆိုင်ရာတိုးတက်ပြောင်းလဲမှုများဖွံ့ဖြိုးမှုနယ်ပယ်ကိုလွှမ်းခြုံနေ ဆရာ ဆရာမများ နိုင်ငံနှင့်လူမျိုးတိုးတက်ကြီးပွားရေးကြိုးပမ်း တက္ကသိုလ်အချင်းချင်းသာမက နိုင်ငံတကာနှင့်ပါဆက်စပ်ပြီး ကြံဆအားထုတ်

ရန်ကုန် ဇွန် ၆

**ရန်ကုန်တိုင်း လှည်းကူးမြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတက်ရောက်၍ အမှာစကားပြောကြားသည်။**

## တက်ရောက်

အဆိုပါသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသား ဆရာ ဆရာမများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အစိုးရ အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားစီးပွားရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ဤစီမံကိန်းများနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးရေး၊ သစ်တော၊ သတ္တုကျန်းမာရေး၊ ပညာရေးစသည့် ကဏ္ဍအသီးသီးတွင်လည်း အနှစ် ၃၀ နှစ်ရှည်စီမံကိန်းများကို ကာလတို ငါးနှစ်စီမံကိန်းများဖြင့် ပိုင်းခြားချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်ကို တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများအားလုံး သိရှိကြပြီးဖြစ်ကြောင်း။

## အကောင်အထည်ဖော်

ယခုဆိုလျှင် အမျိုးသား စီးပွားရေးစီမံကိန်း၏ တတိယကာလတို ငါးနှစ်စီမံကိန်းကာလပြီးဆုံးပြီ ဖြစ်သည့်အပြင် စီမံကိန်းရည်မှန်းချက်များလည်း ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဤတိုးတက်အောင်မြင်မှုများကို အရှိန်ယူပြီး ၂၀၀၆–၂၀၀၇ ခုနှစ်ကစတင်သည့် စတုတ္ထကာလတို ငါးနှစ်စီမံကိန်းကို စတင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ဤစတုတ္ထကာလတို ငါးနှစ်စီမံကိန်းတွင် ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အဓိကဦးတည်ချက်များကို သတ်မှတ်ထားရှိရာတွင်လည်း "လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး"ဆိုသည့်ဦးတည်ချက်ကို ထည့်သွင်း ချမှတ်ထားပြီးဖြစ်ကြောင်း။

## ထိရောက်စွာအသုံးပြု

ဤဦးတည်ချက်နှင့်အညီ နိုင်ငံတကာသိပ္ပံနှင့် နည်းပညာတိုးတက်ပြောင်းလဲမှုများဖြင့်လျော်ညီစွာ မိမိနိုင်ငံတော်အတွင်း သိပ္ပံနှင့်နည်းပညာများ နယ်ပယ်ကဏ္ဍစုံတွင် ထွန်းကားပြန့်ပွားစေရန်၊ အရည်အသွေးမြင့်မားပြီး ထူးချွန်ထက်မြက်သည့် ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များ၊ စက်မှုပညာရှင်များ၊ အင်ဂျင်နီယာများ၊ ဆေးပညာရှင်များ စသည့် လူ့စွမ်းအားအရင်းအမြစ်များ ရှင်သန်ဖွံ့ဖြိုးစေရန်၊ သတင်းနှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ အခြေခံအဆောက်အအုံများ အပါအဝင် နိုင်ငံတကာအဆင့်မီ ပညာရေး ဆိုင်ရာ အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းစေရန်နှင့် ယင်း အခြေခံကောင်းများကို ထိရောက်စွာ အသုံးပြုနိုင်သည့် စဉ်ဆက်မပြတ် လေ့လာသင်ယူနေသော မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကြီး ပေါ်ထွန်းလာစေရန်ဆိုသည့် မျှော်မှန်းချက်များဖြင့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းများကို ယနေ့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ကဲ့သို့ ICT နည်းပညာကြီးစိုးသည့် ခေတ်ကာလတွင် မိမိတို့လိုလားသည့် ပညာရပ်များကို Internet Website အသီးသီးက တစ်ဆင့် ကိုယ်တိုင်ထုတ်နုတ် လေ့လာနိုင်နေပြီဖြစ်ပေမည့် ကျောင်းသင်ပညာရေးနှင့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် ပျောက်ပျက်မသွားသည့်အပြင် ကျောင်းသားကျောင်းသူများ၏ လေ့လာသင်ယူမှုတွင် ဆရာ ဆရာမများအနေဖြင့် ဦးဆောင်လမ်းပြမှု၊ စီမံဖန်တီးပေးမှုအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ပေးရမည့် ပိုမိုအရေးပါသည့်နေရာကို ရောက်ရှိလာသည်ကို တွေ့ရကြောင်း။

ထို့အပြင် ခေတ်ကာလနှင့်အညီ သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှု၊ ပညာရပ်နယ်ပယ်အသစ်များ တိုးပွားလာမှု၊ ပညာရပ်မျိုးကွဲများ တိုးချဲ့လာမှုစသည့် ပညာရပ်ဆိုင်ရာ တိုးပွားဖြစ်ထွန်းမှုများကို တက္ကသိုလ်၊ ကောလိပ်များနှင့် ဆရာ ဆရာမများကဦးဆောင်ပြီး တစ်ပြေးညီ လိုက်ပါနေကြရမည့် အခြေအနေကို ရောက်ရှိနေပြီလည်း ဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ယခုဆိုလျှင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးကို ဘက်စုံထောင့်စုံမှ နယ်ပယ်ကဏ္ဍစုံတွင် အဘက်ဘက်ကခေတ်မီဖွံ့ဖြိုးတိုးတက်စေရအောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြည်ထောင်စုကြီး၏ နယ်မြေအစိတ်အပိုင်းဒေသများ အားလုံး သဟဇာတဖြစ်စွာ ညီညီညွတ်ညွတ် မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရန်လည်း စီမံကိန်းအသွယ်သွယ် ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေးလျက်ရှိရာတွင် စက်ရုံ အလုပ်ရုံများ၊ ဆည်မြောင်းတာတမံများ၊ ခေတ်မီလေယာဉ်ကွင်းများ၊ ပြည်ထောင်စုလမ်းမကြီးများ၊ မြစ်ကူးချောင်းကူးတံတားကြီးများအပြင် ခေတ်မီဆေးရုံကြီးများနှင့် နိုင်ငံတကာအဆင့် တက္ကသိုလ်နှင့် ကောလိပ်များကိုနယ်မြေဒေသအနှံ့အပြား၌အကွက်ချတည်ဆောက်ပေးလျက်ရှိကြောင်း။

## ဖော်ထုတ်မြှင့်တင်

ယခုပြည်ထောင်စုကြီးတစ်ခွင်လုံးတွင် ဖြန့်ကြက်တည်ထောင်ပေးထားသည့် တက္ကသိုလ်၊ ကောလိပ်များသည် သက်ဆိုင်ရာနယ်မြေဒေသအတွက် အရည်အသွေးမြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးသည်သာမက ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်မှုအလားအလာများကိုပါ သက်ဆိုင်ရာ ပညာရပ် စွမ်းအားဖြင့် ဖော်ထုတ်မြှင့်တင်ပေးနိုင်မှသာ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်အတိုင်းတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်သည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာမည် ဖြစ်ကြောင်း။

ဒေသအလိုက်တည်ရှိနေသည့်ဇီဝ၊ ရုက္ခ၊ ဘူမိစသည့် သယံဇာတအရင်းအမြစ်များနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းများ၊ သက်ဆိုင်ရာ တက္ကသိုလ်အလိုက် အထူးပြုထားသည့် ပညာရပ်များကို မိမိတို့တက္ကသိုလ် ကောလိပ်အချင်းချင်း ဆက်သွယ်ပေါင်းစပ်ပြီး ပညာမျှဝေကြရန်၊ သုတေသနလုပ်ငန်းများတီထွင်ကြံဆဆောင်ရွက်သွားရန်လည်း လိုအပ်ကြောင်း၊ အထူးသဖြင့် နိုင်ငံခြားတက္ကသိုလ်များနှင့် အကျိုးတူ ပူးပေါင်းပြုလုပ်သည့် သုတေသန လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားကြရန်၊ ရရှိသည့်အကျိုးရလဒ်ကို သက်ဆိုင်ရာ ဒေသနှင့် နိုင်ငံတော်အတွက်လက်တွေ့ အကျိုးဖြစ်ထွန်း စေရအောင် ထိထိရောက်ရောက် အသုံးချသွားကြရန်လည်း တိုက်တွန်း မှာကြားလိုကြောင်း။

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်ကိုယ်စား ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)၌ တက္ကသိုလ်၊ ကောလိပ်၊ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၉) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

## အမြဲမပြတ်

အထူးသဖြင့် နယ်ပယ်အသီးသီးတွင် မိမိတို့တက္ကသိုလ်၊ ကောလိပ် အချင်းချင်းသာမက နိုင်ငံတကာနှင့်ပါ ဆက်စပ်ယှဉ်တွဲ ဖွံ့ဖြိုးတိုးတက်စေရအောင် တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများအားလုံးကအမြဲမပြတ်ကြံဆတွေးတောအားထုတ် ကြိုးပမ်း ဆောင်ရွက်နေကြရန်လိုအပ်မည်ဖြစ်ကြောင်း။

အထူးသဖြင့် ပညာရပ်ဆိုင်ရာ တိုးတက်ပြောင်းလဲမှုများသည် အခြားသော ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍများကို လွှမ်းခြုံရိုက်ခတ်နေသည့် ယနေ့အချိန်အခါ ကာလတွင် ပညာရေးကဏ္ဍက ဆရာ ဆရာမများ၊ ပညာရှင်များအနေဖြင့် မိမိနိုင်ငံ၊ မိမိ လူမျိုး တိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးရန် ပိုမိုပြီး တာဝန်ရှိပါသည်ဟု တစ်ဆက်တည်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

**ကြိုးပမ်းဆောင်ရွက်မှု ဖြစ်စဉ် အဆင့်ဆင့် အောင်မြင်စွာ အကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအပြီးတွင် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာချမ်းငြိမ်းသည် သင်တန်းသား သင်တန်းသူ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါသင်တန်းသို့ တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမ၇၄၉ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်သည်။ **(သတင်းစဉ်)**

– ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သော အချုပ်အခြာ အာဏာပိုင်နိုင်ငံတစ်နိုင်ငံပီသစွာ နိုင်ငံတကာနှင့် ယှဉ်တွဲရပ်တည်နိုင်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်မည့် အမျိုးသားရေးကိုယ်ခံစွမ်းအားများ ပြည့်ဝခိုင်မာစေရအောင် အမျိုးသားပညာရည်မြင့်မားမှုကို အခြေခံပြီး ကြိုးပမ်းတည်ဆောက်ပေးကြပါ၊

– **အမျိုးသားရေး မျှော်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သောစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး**

# နှင်းဆီကုန်းဘိုးဘွားရိပ်သာ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုး

**ရန်ကုန် ဇွန် ၆**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် နှင်းဆီကုန်း ဘိုးဘွားရိပ်သာဝင်း အတွင်း၌ ခြံစည်းရိုးကြက်ဆူပင်စိုက် ပျိုးပွဲအခမ်းအနားကို မေ ၃၀ ရက် နံနက် ၇ နာရီက ကျင်းပသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲသို့ ဗဟန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်အောင်နှင့် လူမှုရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ရှိန်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းမိသားစုများက ခြံစည်းရိုးကြက်ဆူပင် ၂၀၀ကို တပျော်တပါး စုပေါင်းစိုက်ပျိုးကြသည်။ **(ယာပုံ)**

**(မြန်မာ့အလင်း)**

# လျှပ်စစ်ဓာတ်အားများ လေလွင့်ပျောက်ဆုံးမှုမရှိအောင် ထိန်းသိမ်း စက်သုံးဆီများ ခြိုးခြံချွေတာသုံးစွဲရေး အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက် ဝန်ထမ်းများ မိမိတာဝန်များကို အမျိုးသားရေးတာဝန်အဖြစ် သဘောထားလုပ်ကိုင်

## ဆွေးနွေးမှာကြား

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမ၌ မန္တလေးတိုင်း လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု အခြေအနေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များအား ဆွေးနွေး မှာကြားစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဇွန် ၆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်မှ မော်တော်ယာဉ်များဖြင့် မန္တလေးမြို့သို့ထွက်ခွာကြပြီး မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မန္တလေးတိုင်းလျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှု အခြေအနေများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးကာ အမှာစကားပြောကြားသည်။

### တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်နေဝင်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ တိုင်းအဆင့် တာဝန်ရှိ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

### အလေးထားဆောင်ရွက်

ရှေးဦးစွာ လျှပ်စစ်နှင့် စက်သုံးဆီသုံးစွဲမှုကြီးကြပ်စစ်ဆေးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာ တွင် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အလေးထား ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြောင်း၊ စီးပွားရေးကောင်းရန် လျှပ်စစ်ဓာတ်အားနှင့် လောင်စာစွမ်းအင်သည်အဓိကကျကြောင်း၊ ယခုအခါ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍကို လိုအပ်ချက် ပြည့်မီအောင် အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအား ယခုအခါ ဝန်ကြီး ဌာနနှစ်ခုဖြင့် တိုးချဲ့ဖွဲ့စည်း၍ လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်အောင် ဦးဆောင်ကြိုးပမ်းလျက်ရှိပြီး ပကတိအခြေအနေမှန်ကို သိရှိအောင် ကွင်းဆင်း ကြည့်ရှုစစ်ဆေးပြီး လက်ရှိအနေအထား၌ အလေအလွင့်ပပျောက်ရေး၊ အားနည်း ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရေးတို့ကို အဓိကဆောင်ရွက်ကြရန် တိုက်တွန်း လိုကြောင်း။

မန္တလေးတိုင်းသည် နိုင်ငံတော်၏ အဓိကကျသော တိုင်းကြီးဖြစ်သည်နှင့် အညီ လက်ရှိရရှိနေသော လျှပ်စစ်ဓာတ်အားများလေလွင့်ပျောက်ဆုံးမှု မရှိအောင် ထိန်းသိမ်းရေး၊ ဓာတ်အားသုံးစွဲမှုခြိုးခြံချွေတာရေး၊ မန္တလေးမြို့နှင့် စက်မှုဇုန် တို့ကို ဓာတ်အားဖြန့်ဝေမှု ပုံမှန်ဖြစ်အောင်ဆောင်ရွက်ရေး၊ အထူးသဖြင့် စက်မှု ဇုန်များကိုဦးစားပေး၍ အများပြည်သူတို့အား လျှပ်စစ်ဓာတ်အား ဖြန့်ဝေရာ တွင် မီးပေးချိန် အာမခံချက်ပေးနိုင်အောင် လိုအပ်သော အစီအမံများစနစ်တကျ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

### စနစ်တကျစိစစ်

စက်သုံးဆီအပိုင်း၌လည်း လက်ခံ၊ သိုလှောင်၊ ဖြန့်ဝေရာ၌ အလေအလွင့် တတ်နိုင်သမျှလျော့နည်းစေရေးအတွက် တာဝန်ရှိသူများက စနစ်တကျ စစ်ဆေး စိစစ်သွားရန်နှင့် ယင်းတို့မှာ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူထားခြင်းဖြစ်၍ ခြိုးခြံချွေတာသုံးစွဲရေး အဆင့်ဆင့်ကြပ်မတ် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ယခုအခါ၌ ခြစည်းရိုးကြက်ဆူဖြင့် ဘိုင်အိုဒီဇယ် ထုတ်လုပ်မှုကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်နေပြီဖြစ်၍ မကြာမီကာလအတွင်း ဒီဇယ်ဆီအစား ဘိုင်အိုဒီဇယ်ကို အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း၊ စက်သုံးဆီများ၏ ဖြန့်ဖြူး ပေးမှုဈေးနှုန်းမှာ နိုင်ငံတကာနှင့်ယှဉ်ပါက များစွာသက်သာပြီး နိုင်ငံတော်အနေ ဖြင့် အမြတ်အစွန်းမယူဘဲ စေတနာထား၍ ဖြန့်ဖြူးပေးနေသည်ကို ပြည်သူများ သိရှိအောင် ရှင်းလင်းပြသသွားကြရန်ဖြစ်ကြောင်း။

ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်များကို ထမ်းဆောင်ရာတွင် စေတနာ ထား၍ အကြံကောင်း ဉာဏ်ကောင်းများဖြင့် လုပ်ငန်းတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများနှင့် ဆက်ဆံရာတွင် နိုင်ငံတော်၏ စေတနာနှင့် လုပ်ဆောင်ချက်များကို ပြည်သူများသိရှိအောင် ချိုသာပျူငှာစွာ ဆက်ဆံပြောဆိုကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ တိုင်းမန်နေဂျာ ဦးကျော် သောင်းက မန္တလေးတိုင်းအတွင်း လျှပ်စစ်ဓာတ်အား ခွဲဝေသတ်မှတ်ထားမှု အခြေအနေနှင့် ဓာတ်အားလိုအပ်ချက်အရ ဓာတ်အား လေလွင့်ပျောက်ဆုံးမှု များကို စစ်ဆေးဖော်ထုတ်ဆောင်ရွက်မှု အခြေအနေနှင့် ဓာတ်အားခြိုးခြံချွေတာ သုံးစွဲရေးအတွက် အများပြည်သူတို့အား အသိပညာပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တံခွန်တိုင်ဓာတ်အားခွဲရုံမှ ဓာတ်အားခွဲရုံမှူးဦးဝင်းမောင် နှင့် အောင်ပင်လယ်ဓာတ်အားခွဲရုံမှ ဓာတ်အားခွဲရုံမှူး ဒေါ်အေးအေးမင်းတို့က ဓာတ်အားခွဲရုံအလိုက် လျှပ်စစ်ဓာတ်အားရရှိမှုနှင့် ဖြန့်ဝေပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အထက်မြန်မာ ပြည် အထွေထွေမန်နေဂျာ ဦးထွန်းမြင့်ဦးက အထက်မြန်မာပြည် မန္တလေး တိုင်းမှ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ မီးထိုးဆီနှင့် လေယာဉ်ဆီများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပေးမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းရေနံရောင်းဝယ်ရေးအရာရှိ ဦးဇော်နောင်က ဓာတ်ဆီနှင့်စက်သုံးဆီဆိုင်များ ဖွင့်လှစ်ထားရှိမှုနှင့် အရောင်း ဆိုင်များအား ကြီးကြပ်စစ်ဆေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ကြီးကြပ်ရေးအင်ဂျင်နီယာ ဦးခင် မောင်ဦးက CNG ဓာတ်ငွေ့သုံးမော်တော်ယာဉ်များအား ၂၀၀၄ ခုနှစ် အောက်တိုဘာ ၄ ရက်မှစ၍ CNG ဓာတ်ငွေ့ အရောင်းဆိုင် ဖွင့်လှစ်ရောင်းချပေးမှု၊ မန္တလေးတိုင်းတွင် ၂၀၀၅ ခုနှစ် ဧပြီတွင် CNG သုံး မော်တော်ယာဉ် အစီး ၂၀၀ ရှိသည့်အနက် မန္တလေးမြို့၌ ၁၂၄ စီးရှိမှု အခြေအနေနှင့် ဆက်လက်၍လည်း ယာဉ်ပိုင်ရှင်များက CNG ဓာတ်ငွေ့သုံးကားအဖြစ်ပြောင်းလဲရန် စိတ်ပါဝင်စားလာကြပြီး CNG လျှောက်လွှာများ တိုးတက်နေမှု အခြေအနေ များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

### အမျိုးသားရေးတာဝန်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒီဇယ်ဆီ၊ ဓာတ်ဆီနှင့် စက်သုံး ဆီသိုလှောင်ကန်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသဆိုင်ရာအာဏာပိုင်များက လစဉ်စစ်ဆေးသွားရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးကို အထူးအလေးထား ဆောင်ရွက်သွားရေး၊ ဝန်ထမ်းများအနေဖြင့် မိမိတို့ ထမ်းဆောင် ရမည့်တာဝန်များကို ပုံမှန်ထမ်းဆောင်ရုံမဟုတ်ဘဲ အမျိုးသားရေးတာဝန်အဖြစ် သဘောထားပြီး ဖိဖိစီးစီး ဆောင်ရွက် သွားကြရေးတို့ မှာကြားကာ ညှိနှိုင်းဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

### တိုးမြှင့်တပ်ဆင်

မန္တလေးတိုင်းအတွင်း လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုလျော့နည်းရေး၊ ဝန်ပိုထရန်စဖော်မာများ ဝန်အား နိုင်နင်းမှုရှိစေရေး၊ ဗို့အားကျဆင်းမှုပပျောက်ရေးအတွက် (၁၁/၀ ဒသမ၄)ကေဗွီ ထရန်စဖော်မာ ၁၁ လုံးကို ၂၀၀၆ ခုနှစ် ဧပြီလအတွင်း တပ်ဆင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ပြင် မန္တလေးခရိုင်ရှိ မြို့နယ် ငါးမြို့နယ်တွင် အိမ်သုံး မီတာ ၅၀၆၅လုံး တိုးမြှင့်တပ်ဆင် ခွင့်ပြုထားသည့်အနက် မီတာအလုံး ၂၀၀၀ကို ပထမအဆင့်အဖြစ် တပ်ဆင် ပေးခဲ့ပြီး ကျန်ရှိသည့်မီတာများကို ဆက်လက်တပ်ဆင်ပေးရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ဒုတိယဝန်ကြီးဦးကျော်သူ ခေါင်းဆောင်သည့်အဖွဲ့ မြန်မာ-ဖိလစ်ပိုင်မူဝါဒညှိနှိုင်းအစည်းအဝေး တက်ရောက်ခဲ့

**ရန်ကုန် ဇွန် ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဖိလစ် ပိုင် သမ္မတနိုင်ငံ မနီလာမြို့၌ ဇွန် ၂ ရက်မှ ၅ ရက်အထိ ကျင်းပသည့် မြန်မာ-ဖိလစ်ပိုင်မူဝါဒဆိုင်ရာ ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

### အမြင်ချင်းဖလှယ်

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် မြန်မာကိုယ်စား လှယ်အဖွဲ့သည် ဖိလစ်ပိုင်သမ္မတ နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး H.E. Erlinda F. Basilio ခေါင်းဆောင်သည့် ဖိလစ်ပိုင် ကိုယ်စား လှယ်အဖွဲ့နှင့် ဇွန် ၃ ရက် နံနက်တွင် မနီလာမြို့ရှိ Hyattဟိုတယ်၌ တွေ့ဆုံ ပြီး မြန်မာ-ဖိလစ်ပိုင် နှစ်နိုင်ငံ ဆက် ဆံမှု နှစ်(၅၀)ပြည့်မြောက်သည့် ၂၀၀၆ ခုနှစ် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံ ၏ချစ်ကြည်ရင်းနှီးသော ဆက်ဆံမှုကို မြှင့်တင်ရေးနှင့် ဘက်ပေါင်းစုံကဏ္ဍ တို့၌ နှစ်ဖက် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ရေးတို့ကို ဦးတည်၍ ခင်မင် ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ ကြသည်။ ထို့နောက် Hyatt ဟိုတယ် ၌ ဒုတိယဝန်ကြီးဦးကျော်သူနှင့် မြန်မာ ကိုယ်စားလှယ်အဖွဲ့အား ဖိလစ်ပိုင် ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် H.E. Erlinda F. Basilio က နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံပြီး ဖိလစ်ပိုင်နိုင်ငံခြားရေး ဝန်ကြီးဌာန အာရှနှင့်ပစိဖိတ်ဒေသရေးရာ လက် ထောက်နိုင်ငံခြားရေး ဝန်ကြီး H.E. Romeol. Manalo က ညစာဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံသည်။

### လေ့လာကြည့်ရှု

ဇွန် ၄ရက် နံနက်ပိုင်းတွင် ဒုတိယ ဝန်ကြီး ဦးကျော်သူနှင့်အဖွဲ့သည် မနီ လာမြို့အနီး Tagaytay တောင်ပေါ် စခန်းသို့ သွားရောက် လေ့လာကြည့်ရှု ပြီး ဇွန် ၅ ရက် နံနက် ၁၀ နာရီတွင် ဖိလစ်ပိုင်သမ္မတရုံး ဝန်ကြီး H.E. Michael T. Defensorအား ဖိလစ် ပိုင်သမ္မတ နန်းတော်ဝင်းအတွင်းရှိ ၎င်း၏ ဧည့်ခန်းမ၌ သွားရောက်တွေ့ ဆုံ နှုတ်ဆက်၍ နံနက် ၁၁ နာရီတွင် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး H.E. Alberto G. Romulo အား နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ၎င်း၏ ရုံးခန်း၌ သွားရောက်တွေ့ဆုံ နှုတ်ဆက်ခဲ့ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**ရွာရန်ရာနှုန်း ၈၀**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက် တွင် ယနေ့မိုးတစ်ကြိမ် နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ် သည်။**

## ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက နှစ်စဉ်ပျမ်းမျှ ဓာတ်အားကီလိုဝပ်နာရီသန်းပေါင်း ၄၇၂သန်း ဖြန့်ဖြူးမည်

ရန်ကုန် ဇွန် ၆

**အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီးနှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၂ ရက်မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့၏ အရှေ့မြောက်ဘက် မိုင် ၃၀ခန့်အကွာ နမ့်တိန်ချောင်းပေါ်ရှိ ကျိုင်းတောင်းရေတံခွန်အနီး၌ အမှတ်(၇) တည်ဆောက်ရေးက တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိကြည့်ရှုစစ်ဆေးသည်။**

### ဆွေးနွေးဖြည့်ဆည်း

စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး အား စီမံကိန်းမှ တာဝန်ရှိသူများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က စီမံ ကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်း၊ လုပ်ငန်းသုံးယာဉ် ယန္တရား များနှင့် ပစ္စည်းများရရှိမှုတို့ကို ရှင်း လင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့် စွက်ဆွေးနွေးပြီး ဝန်ကြီးကလိုအပ်သည် များကို ဆွေးနွေးဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့ သည် လုပ်ငန်းခွင်အတွင်း လှည့်လည် ကြည့်ရှုစစ်ဆေးရာ စီမံကိန်းလုပ်ငန်း များ ဆောင်ရွက်နေချိန်တွင် လျှပ်စစ် ဓာတ်အား ရရှိသုံးစွဲရန်အတွက် တည် ဆောက်ပြီး ဓာတ်အား ထုတ်လုပ်ပေး လျက်ရှိသော ၆၀ ကီလိုဝပ် လျှပ်စစ် ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသော အသေးစား ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံနှင့် ၇၅ ကီလိုဝပ် လျှပ်စစ် ဓာတ်အား ထုတ်လုပ်ပေးလျက်ရှိသော အသေးစား ရေအားလျှပ်စစ်ဓာတ် အားပေးစက်ရုံတို့ကို လည်းကောင်း၊ ကျောက်စီ ကွန်ကရစ်ရေလွှဲဆည် အမှတ်(၁)နှင့် အမှတ်(၂) တို့ကိုလည်း ကောင်း၊ တည်ဆောက်ပြီးစီးပြီဖြစ် သော ရေတံခါးနှစ်ပေါက်ပါရှိသည့် ရေယူအဆောက်အအုံ၊ သဲထုတ် ရေ တံခါး၊ ရေသွယ်မြောင်း၊ ရေထိန်းကန် ကွန်ကရစ်လောင်းခြင်း လုပ်ငန်း၊ ဖိအားမြှင့်သံမဏိပိုက်လိုင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံ တည်ဆောက် ရန်၊ မြေကြီး ကျောက်သားတူးဖော် ခြင်းလုပ်ငန်း၊ ကျိုင်းတောင်းရေတံခွန် ၏ အောက်ဘက်ရှိ နမ့်တိန်ချောင်း ကို ရာသီမရွေး၊ ဖြတ်ကူးနိုင်ရန် အတွက်တည်ဆောက်ပြီးစီးပြီဖြစ်သော သံပေါင်တပ်ဆင်ထားသည့် ကျိုင်း တောင်းတံတား အမှတ်(၁)နှင့် ကျိုင်း တောင်းတံတား အမှတ်(၂) တံတား နှစ်စင်းတို့ကိုလည်းကောင်း လှည့် လည် ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ တံတားနှစ်စင်းသည် ပတ်ဝန်းကျင်ရှိ ကျေးရွာများ ကူးလူးဆက်ဆံသွားလာ ရေးအတွက် အထောက်အကူပြုမည့် တံတားဖြစ်သည်။

### ဖြန့်ဖြူး

ကျိုင်းတောင်းရေအားလျှပ်စစ် စီမံ ကိန်းပြီးစီးပါက ၁၈မဂ္ဂါဝပ်အင်အား ရှိ ဓာတ်အားပေး စက်သုံးလုံးမှ စုစု ပေါင်း စက်တပ်ဆင်အင်အား ၅၄မဂ္ဂါ ဝပ်၊ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ် နာရီသန်းပေါင်း ၄၇၂ သန်း ထုတ်လုပ်၍ ရှမ်းပြည်နယ်(တောင် ပိုင်း)လွိုင်လင်ခရိုင် နမ့်စန်မြို့သို့ ၁၃၂ ကေဗွီဓာတ်အားလိုင်း၊ ၆၆ကေဗွီဓာတ် အားလိုင်းများဖြင့် လဲချား၊ ပင်လုံ လွိုင်လင်မြို့များသို့လည်းကောင်း၊ နမ့်စန်ဓာတ်အားခွဲရုံမှတစ်ဆင့် မိုးနဲ၊ လင်းခေး၊ မိုင်းပန်မြို့များသို့လည်း ကောင်း ဓာတ်အားဖြန့်ဖြူးပေးသွား မည်ဖြစ်ပြီး ပိုလျှံသော ဓာတ်အားများ ကို ကလောဓာတ်အားခွဲရုံမှတစ်ဆင့် မဟာဓာတ်အားလိုင်းစနစ်သို့ ပို့လွှတ် ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ထေရဝါဒဗုဒ္ဓသာသနာ ပထမမြန်မာ

ရတနာစည်ဆရာတော်(လှိုင်လင်)

(က)

သာသနာနှစ် ၂၅၅၀ ပြည့်၊ ကောဇာ ၁၃၆၈ ခုနှစ် နယုန်လဆန်း ၁ရက်(၂၇-၅-၂၀၀၆)တွင် ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ဆင်ယင် ကျင်းပအပ်ပါသော (၅၈)ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋက ကောဝိဒ ချီးကျူးပူဇော်ပွဲကြီးကို။

ယင်းပူဇော်ပွဲကြီးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့ တက်ရောက်ပူဇော်၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ပိဋကနှစ်ပုံခွဲအောင် မူလအာဘိဓမ္မိက ဘွဲ့တံဆိပ်တော်ရ အရှင်မြတ် နှစ်ပါးဖြစ်ကြသည့် အရှင်သီလာစာရ(ဒဂုံမြို့နယ် တိပိဋက ကျောင်းတိုက်)နှင့် အရှင်သုန္ဒရ (ရန်ကင်းမြို့နယ် ပဋ္ဌနိကာယ သာသနာ့ ဗိမာန်ကျောင်းတိုက်)တို့အား ဘွဲ့တံဆိပ်တော်နှင့် အောင်လက်မှတ်များကို ဆက်ကပ်ပူဇော်၏။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များက ပိဋကနှစ်ပုံရေးဖြေအောင် အရှင်မြတ်နှစ်ပါး၊ ပိဋကနှစ်ပုံ အာဂုံအောင် အရှင်မြတ်တစ်ပါး၊ ပိဋကတစ်ပုံရေးဖြေအောင် အရှင်မြတ် တစ်ပါး၊ ပိဋကတစ်ပုံ အာဂုံအောင် အရှင်မြတ် ၁၈ ပါးနှင့် ဝိနယပိဋက ပထမပိုင်း အာဂုံရော ရေးဖြေပါ အောင်မြင်သော အရှင်မြတ် ၄၉ ပါး စုစုပေါင်း သာသနာ့ အာဇာနည် အရှင်မြတ် ၇၃ပါးတို့အား ဘွဲ့တံဆိပ်တော်များ၊ အောင်လက်မှတ်များကို အသီးသီး ဆက်ကပ်ပူဇော်ကြ၏။ ထို့ပြင် လှူဖွယ်ဝတ္ထုပစ္စည်းတို့ဖြင့်လည်း ပစ္စယာနုဂ္ဂဟမြောက် ချီးမြှောက်ပူဇော်ကြ၏။

ယင်းပူဇော်ပွဲကြီး၌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၏ သာသနာရေးဆိုင်ရာ လျှောက်ထားချက်မှ ကောက်နုတ်အပ်သော အောက်ပါစကားရပ်သည် ထေရဝါဒဗုဒ္ဓသာသနာ ပထမမြန်မာကို ကောင်းစွာထင်ဟပ်ထား၏-

"တိပိဋကဓရ၊ တိပိဋက ကောဝိဒ ရွေးချယ်ရေး စာမေးပွဲကြီးသည် အာဂုံဆောင်စွမ်းရည်နှင့် ကျမ်းဂန်နှံ့စပ်မှုရှိတော်မူကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များ၏ ဉာဏ်ကျက်စားရာ စာမေးပွဲကြီးဖြစ်ပါကြောင်း။ ယင်းစာမေးပွဲကြီးကို ရက်ပေါင်း ၃၃ ရက်တိုင်တိုင် ကျင်းပရက် ကာလရှည်စွာ ကျင်းပရသည့် စာမေးပွဲကြီးဖြစ်သဖြင့် ကမ္ဘာ့အရပ်ရပ်တွင် မည်သည့်နိုင်ငံမှာမှ မကျင်းပနိုင်ဘဲ မြန်မာနိုင်ငံတစ်နိုင်ငံတည်း၌သာ ကျင်းပနိုင်ခြင်းကြောင့် အလွန်တရာ ဂုဏ်ယူဖွယ်ရာကောင်းသော စာမေးပွဲကြီးဖြစ်ပါကြောင်း။"

ပီတိလှိုက်လှိုက် ရင်၌သိမ့်သိမ့် ဘဝင်စိမ့်မျှ ချိုအိမ့်သော ရသပြည့်ကထာ ဖြစ်ပါသည်။

ယင်းစာမေးပွဲကြီး၏ အဆင့်နှင့်အမြင့်ကို အနှစ်ချုပ် သုံးသပ်ကြည့်ကြပါစို့။

၄၅ ဝါပတ်လုံး မြတ်ဗုဒ္ဓဟောကြားတော်မူသော ပါဠိတော်တို့ကို အုပ်စုခွဲလိုက်သော် နိကာယ်ငါးရပ်ဟုဖြစ်လာ၏။ ယင်းကို ပုံနှိပ်သောအခါ စာအုပ်ရေပေါင်း ၄၀တိတိဖြစ်လာ၏။ စာမျက်နှာပေါင်း တစ်သောင်းသုံးထောင်ကိုးဆယ့်လေး (၁၃၀၉၄) မျက်နှာရှိပြီး အက္ခရာလုံးရေပေါင်း သိန်းတစ်ရာ့တစ်ဆယ် နှစ်သောင်း တစ်ထောင် ခုနစ်ရာငါးဆယ် (၁၁၀၂၁၇၅၀) တိတိရှိကြောင်း သုတေသီတို့ အဆိုရှိ၏။ ယင်းနိကာယ်ငါးရပ်ထဲမှ ရဟန်းတို့၏ ကိုယ်ကျင့်သိက္ခာပိုင်းဖြစ်သော ဝိနည်း၊ရဟန်းတို့၏ စိတ်ပိုင်း(တည်ငြိမ်မှု)ဖြစ်သော သုတ္တန်၊ ရဟန်းတို့၏ ဉာဏ်ပိုင်း (ထိုးထွင်းမှု) ဖြစ်သော အဘိဓမ္မာဟု သုံးပိုင်းပိုင်း၍ သင်ရိုး ပိဋကသုံးပုံအဖြစ် တည်ရှိလာ၏။

ဝိနည်း ငါးကျမ်း၊ စာအုပ်ရေ ငါးအုပ်၊ စာမျက်နှာပေါင်း ၂၁၉၇ မျက်နှာ၊ သုတ်သုံးကျမ်း၊ စာအုပ်ရေ သုံးအုပ်၊ စာမျက်နှာပေါင်း ၈၈၈မျက်နှာ၊ အဘိဓမ္မာ ခုနစ်ကျမ်း၊ စာအုပ်ရေ ၁၂အုပ်၊ စာမျက်နှာပေါင်း ၄၉၄၁ မျက်နှာ၊ စုစုပေါင်း ကျမ်းအရေအတွက် ၁၅ ကျမ်း၊ စာအုပ်အရေအတွက် ၂၀၊ စာမျက်နှာအရေအတွက် ၈၀၂၆ မျက်နှာပေါ်ရှိ ပါဠိတော်အက္ခရာ စာလုံးတို့ကို တစ်လုံးမကျန် နှုတ်တက်အရကျက်၍ အထစ်အငေါ့မရှိ အာဂုံပြန်ဆိုနိုင်မှသာ တိပိဋကဓရ ဘွဲ့တော်ကိုရရှိပြီး ပါဠိတော်နှင့် အဖွင့်အဋ္ဌကထာ၊ ဋီကာလာအခိပ္ပာယ်များကို ရေးဖြေနိုင်မှသာ တိပိဋက ကောဝိဒ ဘွဲ့တံဆိပ်တော်ကို ရရှိတော်မူနိုင်၏။

ထို့ကြောင့် တိပိဋကဓရ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ကို သဒ္ဓါဗိုလ်(ယုံကြည်ချက် အင်အား)၊ ဝီရိယဗိုလ် (ခွဲ)လုံ့လအင်အား၊ သတိဗိုလ် (စူးစိုက်မှုအင်အား)၊ သမာဓိဗိုလ် (တည်ကြည်မှုအင်အား)နှင့် ပညာဗိုလ် (ဉာဏ်ထက်မြက်မှုအင်အား)ဟူသော **'ဗိုလ်ငါးပါး၊ အားငါးတန်'** ထက်သန်ပြည့်ဝကြသည့် သာသနာ့အာဇာနည် အရှင်မြတ်များသာရရှိ ပိုင်ဆိုင်ကြလေရာ ထိုသာသနာ့အာဇာနည်များ ထွန်းကားတောက်ပလျက်ရှိသော မြန်မာသည် ထေရဝါဒ ဗုဒ္ဓသာသနာ ပထမမြန်မာဖြစ်လျက် ရှိတော့၏။

(ခ)

ယင်းတိပိဋကဓရ တိပိဋကကောဝိဒ ပူဇော်ပွဲကြီး၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ (မကွေးဆရာတော်ကြီး) မိန့်ကြားတော်မူအပ်သော ဩဝါဒကထာမှာလည်း မှတ်သားဖွယ်နှင်နှင်ချည်းသာ ဖြစ်ဘိ၏။

"နေမင်းတည်ရှိနေသမျှကာလပတ်လုံး အလင်းရောင် တည်ရှိနေသကဲ့သို့ ပိဋကတည်ရှိနေသမျှ ကာလပတ်လုံး သာသနာတည်ရှိနေလိမ့်မည်။ နေမင်းကွယ်ပသွားသောအခါ အမိုက်မှောင် ဖုံးလွှမ်းလာသကဲ့သို့ ပိဋက ကွယ်ပသွားသောအခါ (မသူတော်တရားဟူသော)အဓမ္မ အမိုက်မှောင်ကြီး ဖုံးလွှမ်းလာလိမ့်မည်"ဟု ဥက္ကဋ္ဌဆရာတော်ကြီးက အင်္ဂုတ္တရ အဋ္ဌကထာ ပထမတွဲ စာမျက်နှာ ၇၂ကို ညွှန်းဆို မိန့်ကြားသည်မှာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအားလုံးမဆုံးတမ်း နှလုံးသွင်းနေဖို့ ဖြစ်၏။ ထိုပိဋကဟုဆိုအပ်သည့် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာတို့ကို ပို့ချသင်ကြားခြင်း၊ မှတ်သားသင်ယူခြင်းတည်းဟူသော ပရိယတ္တိသာသနာသည် သာသနာသုံးရပ်တွင် အရင်းမူလပဓာနဖြစ်ကြောင်း မိန့်ကြား၏။ "ပရိယတ္တိယာ ဓရမာနာယ သာသနံ အန္တရဟိတံနာမ နဟောတိ=ဘုရားဟော ပိဋကတ်ကို သင်ကြားသင်ယူနေသမျှကာလပတ်လုံး သာသနာကွယ်ခြင်းမည်သည် မဖြစ်နိုင်"ဟု အဋ္ဌကထာ (အံ၊ ဋ္ဌ၊ ၁၊ ၇၂)၌ တိတိကျကျ မိန့်ဆိုထားပုံကို ဥက္ကဋ္ဌဆရာတော်ကြီးက သာဓကပြတော်မူ၏။ ယင်းနောက် ပရိယတ္တိကျွမ်းကျင်နှံ့စပ်ပြီးသော် ပဋိပတ္တိလမ်းဆက်လက် လျှောက်လှမ်းနိုင်ရေးကိုလည်း အားပေးတိုက်တွန်းတော်မူ၏။

ထိုမှတစ်ပါး ပဓာနသုတ်(အံ၊ ၁၊ ၅၁) ၌လာရှိသော ဒုရဘိ သမ္ဘဝ နှစ်မျိုးကို ထုတ်ဆောင်ပြကာ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ကမ္ဘာ့လူသားအားလုံးအပေါ် သုံးသပ်ရှုမြင်နိုင်စေရန် မိန့်ကြားတော်မူ၏။

ဒုရဘိသမ္ဘဝ=ဖြစ်စေနိုင်ခဲသောအားထုတ်မှု

**၁။ လူသားများအနေဖြင့် သာသနာတော်ကို ကြည်ညိုမြတ်နိုးလျက် သာသနာ့ဝန်ထမ်း ရဟန်း၊ သာမဏေများအား လှူဒါန်းနိုင်ရန် အားထုတ်မှု၊**

**၂။ ရဟန်းများအနေဖြင့် သံသရာဝဋ်မှ ကျွတ်လွတ်နိုင်ရန် အားထုတ်မှု**

မှန်ပါသည်။ အလွန်မှ မှန်လှပါသည်။ ကမ္ဘာ့လူသားများအဖို့ သာသနာတော်ကို ကြည်ညိုမြတ်နိုးခြင်းသဒ္ဓါစိတ်ဖြင့် သာသနာတော်အား ပစ္စည်းလေးပါးတို့ကို လှူဒါန်းချီးမြှောက်နိုင်ရန် အလွန်မှခက်ခဲလှပါသည်။ ယနေ့ကမ္ဘာကိုကြည့်ပါ။ လူဦးရေမည်မျှရှိပါသနည်း။ သာသနာတော်ကို ကြည်ညိုမြတ်နိုးသူ မည်မျှရှိပါသနည်း။

သာသနာ့ဝန်ထမ်း ရဟန်း၊ သာမဏေများအား နေ့စဉ်နေ့တိုင်း ဆွမ်းလောင်းနိုင်သူ ဤကမ္ဘာကြီးထဲမှာ မည်မျှသာရှိပါသနည်း၊ ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းအလှူ၊ စာချကျောင်း၊ ကမ္မဋ္ဌာန်းကျောင်းအလှူ လှူနိုင်သူ ဤကမ္ဘာကြီးထဲမှာ မည်မျှသာရှိပါသနည်း။ ဆေးဝါးအလှူသို့မဟုတ် ရဟန်းအား အခမဲ့ ဆေးထိုးပေးနိုင်သူ ဆရာဝန် ဤကမ္ဘာကြီးထဲမှာ မည်မျှသာရှိပါသနည်း။ နဖူးပေါ်လက်တင် ဆင်ခြင်စဉ်းစားယူရ လောက်အောင် ခက်ခဲလွန်းသည့်ပုစ္ဆာများ မဟုတ်ပါလေ။ ထို့ကြောင့် ကမ္ဘာ့လူသားများအဖို့ အမှတ် (၁) သည် အမှန်ပင်ဖြစ်စေနိုင်ခဲသော အားထုတ်မှုစစ်စစ်ဖြစ်၏။

သို့သော်...

ဤမြေမှာ ပဋိသန္ဓေတည်နေခဲ့ရစဉ် မိခင်ဝမ်းထဲမှာကတည်းက ဘုရားသံ၊ တရားသံ နာခံခဲ့ရပြီးသူများ ဖြစ်ခဲ့ကြပါကုန်ပြီ။ ဖွားမြင်လာပြီး သိတတ်စအရွယ်ကတည်းက ဘုရားမှန်း၊ သံဃာမှန်း သိတတ်သူများ ဖြစ်ခဲ့ကြပါကုန်ပြီ။ ဆယ်ကြိုသက်ကတည်းက ရတနာသုံးပါးကို ကြည်ညိုယုံကြည်တတ်သူများ ဖြစ်ခဲ့ကြပါကုန်ပြီ။ ဖြတ်သန်းရသော ဘဝခရီးလမ်းဝယ် မလှူတန်းဖူးသူ၊ အလှူစိမ်းသူ၊ အလှူဆွံ့သူဟူ၍ မရှိသလောက်ရှားခဲ့သည်မှာ ဘိုးစဉ်ဘောင်ဆက်မှ ယနေ့အထိဖြစ်၏။ ထို့ကြောင့် သာသနာရိပ် ကျယ်ပြန့်သော ဤ မြန်မာနိုင်ငံဝယ် နိုင်ငံသားများအဖို့ သာသနာတော်ကို ကြည်ညိုမြတ်နိုးစွာ ပစ္စည်းလေးပါးဖြင့် ထောက်ပင့်ချီးမြှောက်နိုင်မှုမှာ ဤကမ္ဘာရှိ တခြားလူသားများလို ဖြစ်စေနိုင်ခဲသော အားထုတ်မှုမမည်တော့ဘဲ ခွင်းချက်သဖွယ် ဖြစ်တည်လျက်ရှိတော့၏။

ရဟန်းများ သံသရာဝဋ်မှ ကျွတ်လွတ်စေရန် အားထုတ်မှုသည်လည်း တကယ်ပင် (ဒုရဘိသမ္ဘဝ) ခက်ခဲလွန်းသော ကြိုးပမ်းမှုပင် ဖြစ်နေ၏။ တစ်ဘဝတည်းဖြင့် အကျွတ်အလွတ် အားထုတ်နိုင်ရေးမှာ ဇေရက်တောင်ကို ခြေထောက်ချည်းသက်သက် တက်သော ခရီးထက် ပိုပြီးခက်ခဲလျက်ရှိ၏။ သို့သော် မြန်မာ့ရဟန်းတော်များကား ဗိုလ်ငါးပါး၊ အားငါးတန်တို့ဖြင့် ခွဲသန်သန် မလျှော့တမ်းပဋိပတ်လမ်းကို လျှောက်လှမ်းခြင်း၌ တုံ့ဆိုင်းနေတော်မမူကြ။ **'နေ့ ပရိယတ်၊ ည ပဋိပတ်'** မူ သတ်မှတ်ရင်း လျှောက်လှမ်းနေခြင်းများ၊ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့တွင် နှစ်စဉ်နှစ်စဉ် စာသင်နှစ်ပြီးဆုံးတိုင်း ရက်ပိုင်း၊ လပိုင်းဖြင့် ပဋိပတ်လမ်း လျှောက်လှမ်းနေခြင်းများ၊ ပိဋကတစ်ပုံအောင်ကမ္မဋ္ဌာနာစရိယ ဆရာတော်များ၊ ဓမ္မာစရိယဘွဲ့ရ ကမ္မဋ္ဌာနာစရိယ ဆရာတော်များ ပေါ်ထွန်းလျက်ရှိခြင်း စသည်---စသည်။

ဤသို့ ကမ္ဘာကိုကြည့်သော် ဒုရဘိသမ္ဘဝအဖြစ် မြင်ရပြီး မြန်မာကို ကြည့်သော် ခြွင်းချက်အဖြစ် မြင်နေရခြင်း၌ ကြောင်းရင်းဘူတကို ဖွေရှာသော်---။

(ဂ)

ပထမမြန်မာနိုင်ငံတော်ကြီးမှစ၍ ယနေ့ကာလအထိ ရေသယံဇာတ၊ မြေသယံဇာတ၊ လေသယံဇာတ ကောင်းတို့ကြောင့် ဆန်ရေစပါး ပေါများလျှံပယ် ကြွယ်ကြွယ်ဝဝဖြင့် ဒါနပါရမီ နှစ်အဆီကိုပါ ထုတ်ယူနိုင်စွမ်းရှိနေကြသည့် မြန်မာ့အနေအထားကောင်းတို့ ပိုမို၍ မြင့်မားတိုးတက်လာစေရန် နိုင်ငံတော်အကြီးအကဲက လွန်ခဲ့သော ၁၀ နှစ်ကျော်ကပင် ဤသို့လမ်းညွှန်ထားခဲ့ပြီ။

**"လူအများ၏စားရေးသောက်ရေး ပြေလည်ချောင်ချိစေရမည်ဆိုသည့် စိတ်ရင်းစေတနာဖြင့် စိုက်ပျိုးရေး လုပ်ငန်းကို ကြိုးစားပမ်းစား ဆောင်ရွက်ပါက မိမိအတွက် အကျိုးဖြစ်ထွန်းသည်သာမက စေတနာမှန်သည့်အတွက် လောကီအကျိုးရော လောကုတ္တရာအကျိုးပါ ရရှိနိုင်မည် ဖြစ်ကြောင်း"**

**ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**

**၂၁/၂၄-၇-၁၉၉၅ ပဲခူးတိုင်း အနောက်ခြမ်းခရီးစဉ်**

ယင်းလမ်းညွှန်ချက်ကို တက်ကြွစွာ အကောင်အထည်ဖော်နိုင်ခဲ့ကြသဖြင့် ယနေ့ကာလဝယ် နိုင်ငံသားများနှင့် ဆန်ရေစပါးကို ပေါင်းသော် ညီမျှခြင်း လက္ခဏာသည် ပေါများခြင်းဖြစ်လာသကဲ့သို့ ရဟန်းနှင့် ဆွမ်းကိုပေါင်းသော် ညီမျှခြင်းလက္ခဏာသည် ဆွမ်းသပိတ်လျှံခြင်း ဖြစ်လာကာ ရဟန်းနှင့် သင်္ကန်းကိုပေါင်းသော် ညီမျှခြင်း လက္ခဏာသည် ဝတ်မကုန်ခြင်း ဖြစ်လာလျက်ရှိတော့၏-

ဤတွင် စကားစပ်အရ ၁၄-၅-၂၀၀၆ တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း ဦးဆောင်လျက် ပြည်တွင်း၊ ပြည်ပ သတင်းစာဆရာများ လိုက်ပါသော ပဲခူးတိုင်း စစ်တောင်းမြစ် အရှေ့ခြမ်း လေ့လာရေး ခရီးစဉ်ဝယ် ဦးအုန်းမောင်(မြင်းမူ-မောင်နိုင်မိုး)၏ အမေးကို ပြန်ကြားရေးဝန်ကြီးက ဖြေကြားခဲ့ရာ အောက်ပါအတိုင်း ကောက်နုတ်ဖော်ပြအပ်ပါ၏-

**"ကျွန်တော်တို့နိုင်ငံမှာ စားနပ်ရိက္ခာပြဿနာရှိ၊ မရှိဆိုတာနဲ့ ပတ်သက်လို့ အားလုံးချင့်ချိန်နိုင်အောင် အရှိကိုအရှိအတိုင်း ကျွန်တော် ပြောပြလိုပါတယ်။ သတင်းစာဆရာကြီးများ ရန်ကုန်ကနေပြီးတော့ တောင်ငူ၊ တောင်ငူဟိုဘက် ဆွာ၊ ပြီး ဒီနေ့ပဲ ကျေးရွာတွေ တကယ့် ကျေးရွာတွေကို ဖြတ်ပြီးတော့ အခု သပြေညွှန့်ကို ရောက်ခဲ့ကြပါပြီ။**

**"အဲဒီတော့ သွားရာလမ်းတစ်လျှောက် ဘေး ဝဲ၊ ယာကို ကြည့်ကြည့် လိုက်ပါ။ ယနေ့အခါမှာဆိုရင် နွေစပါးတွေနဲ့ အားလုံးစိမ်းစိုပြီးတော့ ရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံမှာ စားနပ်ရိက္ခာပြဿနာပေါ်နေတယ်။ ပေါ်မနေဘူးဆိုတာဟာ** Seeing is Believing **ဆိုတဲ့အတိုင်း တွေ့နိုင်မှာဖြစ်ပါတယ်။**

**"နောက် ကြောင်းကျိုးညီညွတ်တဲ့ အချက်လေးတွေနဲ့ ထပ်ပြီးပြရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံမှာ တခြားသော စားနပ်ရိက္ခာချို့တဲ့တဲ့ နိုင်ငံတွေမှာလို စားနပ်ရိက္ခာ မလောက်မင ဝဝလင်လင် မစားရလို့ ပိန်ညှောင်ချောက်ကပ်နေတဲ့ တိုင်းသူပြည်သားဆိုလို့ မရှိပါဘူး။ နောက်တစ်ခုက အစားအသောက်မစားရလို့၊ သူများနိုင်ငံလို မစားရလို့ အသက်ဆုံးရှုံးရတယ်ဆိုတာ ကျွန်တော်တို့နိုင်ငံမှာ မရှိပါဘူး။ တခြားနိုင်ငံတွေလို အစားအသောက်ပြဿနာရှိလို့၊ စားနပ်ရိက္ခာ မလုံလောက်လို့၊ ဟိုနိုင်ငံက ကူပါဦး၊ ဒီနိုင်ငံက ကူပါဦး၊ UNက ကူပါဦးလို့ ကျွန်တော်တို့ နိုင်ငံမှာ အော်နေရတာမရှိပါဘူး။ ဒါကြောင့် ဒီအချက်တွေကို ကြည့်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံမှာ စားနပ်ရိက္ခာ ပြဿနာရှိသလား၊ မရှိဘူးလားဆိုတာ သိသာပါတယ်"**

ယင်းကြောင်းရင်းဘူတများကြောင့် ယနေ့ မြန်မာနိုင်ငံသည် ဆန်ရေစပါး ပေါများလျှံပယ် ကြွယ်ကြွယ်ဝဝ အာဟာရ မဆွံ့ရှားသောနိုင်ငံ။ အစားအစာ မဆွံ့ရှားသလို ဝတ်ရေး၊ နေရေးအားဖြင့်လည်း မန္ဒမ်းပါးသော နိုင်ငံ။ စား၊ ဝတ်၊ နေရေး မွဲပြာမကျသလို သဒ္ဓါအင်အား ကဲသာကြွသော နိုင်ငံ။ သာသနာတော်ကို ကြည်ညိုပြည့်သိပ် သဒ္ဓါစိတ်ကြောင့် ဖိတ်ဖိတ်တောက်စေတနာ လက်ဖြာတောက်ပ ဆွမ်းဒါန၊ သင်္ကန်းဒါန ဒါန

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

7-6 (10).p65 1 1/9/32, 1:35 PM

# ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လုပ်ငန်းညှိနှိုင်းစည်းဝေး၊ စီမံကိန်းတာဝန်ပေးအပ်

ရန်ကုန် ဇွန် ၆

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။**

## ကဏ္ဍအလိုက်ရှင်း

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း နိုင်ငံတော်က ချမှတ်ပေးသည့် စီမံကိန်းလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၀၆-၂၀၀၇ခုနှစ်အတွက် ဆက်လက်ဆောင်ရွက်ကြရမည့် စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ကဏ္ဍအလိုက် ရှင်းလင်းအမှာစကားပြောကြားသည်။

## ရှင်းလင်းပြောကြား

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်က နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းစီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်ဝင်းကြည်က ရန်ကုန်တိုင်း၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု လုပ်ငန်းများကို လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယတိုင်းမန်နေဂျာ ဦးဝင်းမြင့်က တိုင်းအတွင်းစိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်းကောင်း၊ ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှမင်းက တိုင်းအတွင်း ဆောင်ရွက်လျက်ရှိသည့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မူခင်းကျဆင်းရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

## အမှာစကားပြော

ထို့နောက် တိုင်းမှူးက ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအား ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်လွှာများကို တစ်ဦးချင်း ပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်လွှာများကို တစ်ဦးချင်းပေးအပ်စဉ်။ (သတင်းစဉ်)

# ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မွမ်းမံသင်တန်းဆင်းပွဲများကျင်းပ

**ရန်ကုန် ဇွန် ၆**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းလက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) မွမ်းမံသင်တန်း၊ အငယ်တန်းအင်ဂျင်နီယာ-၂(ရေသန့်) မွမ်းမံ သင်တန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) မြို့ပြအကြို သင်တန်းများဆင်းပွဲကို ယမန်နေ့ နံနက် ၈ နာရီက ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) သင်တန်းခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းက သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အောက်ဝဲပုံ)**

## တက်ရောက်

အဆိုပါ အခမ်းအနားသို့ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ ဗဟိုသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ သင်တန်းဆရာများနှင့် သင်တန်းသား စုစုပေါင်း ၁၀၃ ဦး တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**ဇီဝမျိုးစုံ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

**ဇွန်၂ရက်က နှစ်ဖက်သော မိဘများနှင့် ခင်ပွန်း ဦးအေးသောင်၊ သား ကိုကျော်ကျော်အောင်တို့အား လေးနှစ်ပြည့်ရည်စူး၍ ဒေါ်စောရှင်နှင့် သားသမီးမြေးတို့က နာရေးကူညီမှုအသင်း(ထောက်ကြန့်) ဖြစ်မြောက်ရေး ကော်မတီသို့ ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းရာ ကော်မတီဝင် ဦးကျော်မင်းက လက်ခံယူစဉ်။** (က-ပ)

**စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

မျိုးစုံ အပုံလိုက်အပြုံလိုက် နှစ်ခြိုက်စွာ လှူဒါန်းနေသောနိုင်ငံ။ သာသနာရေး မမေ့မမိုန် ထိန်ထိန်တောက်နိုင်ငံအဖြစ် ထွန်းသစ်လျက်သာရှိကြောင်း တွေ့မြင်နေရပါသည်။

ယင်းသို့သော အနေအထားတို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက ရှုမြင်သုံးသပ်တော်မူကာ သမ္မောဒနီယကထာကို ဝမ်းမြောက်စွာ ဆက်လက်မိန့်မြွက်တော်မူ၏။

"အရှင်မြတ်တို့၏ ကြိုးပမ်းအားထုတ်မှု၊ အောင်မြင်မှုများသည် တပည့်တော်တို့၏ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီးတွင် ထိပ်တန်းကျသော အောင်မြင်မှုများဖြစ်သည့်အတွက် သာသနာတော် တိုးတက်ပွင့်လန်းမှုအရေး မျှော်တွေးကာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အနေနှင့် အလွန်တရာ ဝမ်းသာဂုဏ်ယူလျက်ရှိကြပါသည်။

"နိုင်ငံတော်အစိုးရနှင့် ပြည်သူပြည်သား ဒါယကာ၊ ဒါယိကာမများတို့သည်လည်း အရှင်မြတ်တို့၏ အားထုတ်မှု၊ အောင်မြင်မှုများကို လွန်စွာအားရ ကြည်ညိုမှုရှိကြသည့် အားလျော်စွာ ယခု (၅၈)ကြိမ်မြောက် တိပိဋကဓရ ချီးကျူးပူဇော်ပွဲကြီးတွင် ပသံသာကာရ ပူဇနိယဝတ္ထု အစုစုတို့ဖြင့် ပူဇော်ကြ လှူဒါန်းကြသည်မှာ လိုလေသေးမရှိဟု ဆိုရမလောက်အောင်ပင် ပြည့်စုံလှပါသည်။

"ရဟန်းများအား ဒါယကာ၊ ဒါယိကာမတို့က ပစ္စည်းလေးပါးတို့ကို လှူဒါန်းထောက်ပံ့ခြင်းဖြင့် ဖြစ်စေနိုင်ခဲ့သော အားထုတ်မှုမျိုးကို အားထုတ်လျက်ရှိကြသကဲ့သို့ ရဟန်းများကလည်း ပရိယတ်သာမက ပဋိပတ်ဘက်ဆက်လက်အားထုတ်ရင်း ဖြစ်စေနိုင်ခဲ့သော အားထုတ်မှုမျိုးဖြင့် တုံ့ပြန်ချီးမြှောက်ကြရန် မိန့်ကြားတော်မူရင်း-

"ဤကဲ့သို့ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုသကဲ့သို့ အချင်းချင်း ညီညီညာညာ ကြည်သာဝမ်းမြောက် ချီးမြှောက်မှုပြုကြ၍ သာသနာတော်မြတ်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ကြပါက ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီးသည် နှစ်ပေါင်းမြားမြောင် ငါးထောင်မက ရှည်ကြာတည်တံ့နိုင်ပါသည်"

သို့ဖြင့် စာမေးပွဲကျင်းပရက် တစ်လကျော်ကြာအောင် ကျင်းပရသောကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် မည်သည့်နိုင်ငံကမျှ မကျင်းပနိုင်ဘဲ မြန်မာတစ်နိုင်ငံတည်း၌သာ ကျင်းပနိုင်ခြင်း၊ ဆဋ္ဌမူစာအုပ်ကြီး စာမျက်နှာ ၈၀၂၆ မျက်နှာကို အထစ်အငေါ့မရှိ ရှောရှောရှူရှူ အာဂုံပြန်ဆိုနိုင်မှသာ တိပိဋကဓရဘွဲ့၊ ပါဠိတော်လာ အဓိပ္ပာယ်များနှင့် အဋ္ဌကထာ၊ ဋီကာများလာ အဓိပ္ပာယ်များကို တိကျမှန်ကန်စွာ၊ ကျွမ်းကျင်နှံ့စပ်စွာ ရေးသားဖြေဆိုနိုင်မှသာ တိပိဋက ကောဝိဒဘွဲ့ ရရှိနိုင်သောကြောင့် ဗိုလ်ငါးပါးအားငါးတန် ဖွဲ့သန်ဉာဏ်သွား နှလုံးသားသမာဓိ ခိုင်ခိုင်ရှိတော်မူကြသည့် သာသနာ့အာဇာနည်များ မြန်မာမှာအဆက်မပြတ် ပေါ်ထွန်းလျက်ရှိခြင်း၊ မြန်မာဆရာတော်များ ပြုစုထားသည့် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းကြီးကို အခြားထေရဝါဒနိုင်ငံများက ၎င်းတို့၏ ဘာသာစာပေဖြင့် ပြန်ဆိုရန် ကြိုးပမ်းအားထုတ်နေကြသော်လည်း ယနေ့အထိ အောင်မြင်ပြီးမြောက်မှု မရှိသေးဘဲဖြစ်နေချိန်ဝယ် မြန်မာကသော်မူ ပုံနှိပ်ပြီး ၁၈တွဲအပြင် ကျန်လေးတွဲကိုပါ မကြာမီ ကာလအတွင်း ပြီးစီးအောင်မြင်အောင် ဆောင်ရွက်နိုင်စွမ်းရှိနေသည်သာမက ပါဠိ-မြန်မာ အဘိဓာန်ကို ကမ္ဘာသုံးအင်္ဂလိပ်ဘာသာ စာပေနှင့်ပါ ပြန်ဆိုထုတ်ဝေနိုင်ဖို့ တစ်ဆင့်တက် ကြိုးပမ်းလျက်ရှိကြရာ ပဏာမ အနေဖြင့် အဘိဓာန်အကျဉ်းကို အင်္ဂလိပ်ဘာသာကျွမ်းကျင်သော ရဟန်း ပညာရှင်၊ လူပုဂ္ဂိုလ် ပညာရှင်များက အဖွဲ့ငါးဖွဲ့ခွဲလျက် ရေးသားပြန်ဆို ပြုစုနေသောကြောင့် မကြာမီကာလဝယ် မြန်မာသည် ပိဋကစွယ်စုံ ဂုဏ်ထူးကိုပါ ထပ်ဆောင်းရရှိဦးမည်ဖြစ်ခြင်းတို့ကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာ ပထမမြန်မာအဖြစ် ထွန်းသစ်တောက်ပလျက်ရှိသည့်နည်းတူ ဤမြန်မာနိုင်ငံ၌ ဗုဒ္ဓမြတ်စွာ သာသနာသည် ရှည်ကြာမြားမြောင် နှစ်ငါးထောင်မက ထွန်းပြောင်ပြိုးပြက်ရောင်ချင်းယှက် လင်းလက် တောက်ပနေမည်သာ ဖြစ်ပါသတည်း။ ။

## သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

**၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာလာစေသည်။**
**၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။**
**၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။**
**၄။ ဦးနှောက်နှင့်အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။**
**၅။ ကိုယ်ခံစွမ်းအား မြင့်တက်စေပြီး၊ ရောဂါများကို ကာကွယ်နိုင်သည်။**
**၆။ အကြောအခြင်အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။**
**၇။ သွေးလည်ပတ်မှုကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။**
**၈။ စိတ်ဖိစီးမှုလျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။**
**၉။ နေ့စဉ်ပုံမှန်နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေသည်။**

**သို့ဖြစ်ပါ၍ ကိုယ်ရောစိတ်ပါ ကြံ့ခိုင်ကျန်းမာလာစေရန် လူတိုင်း နေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။**

အားကစားဝန်ကြီးဌာန

# ယုံကြည်ချက်အပြည့်ဖြင့် အင်္ဂလန်အသင်း ဂျာမနီသို့ရောက်ရှိ ကမ္ဘာ့ဖလား ဒုတိယအကြိမ်ဆွတ်ခူးရန် ပြင်ဆင်ထား

**စုစည်းတင်ပြသူ-မြင့်မောင်စိုး**

လန်ဒန် ဇွန် ၆

အင်္ဂလန်အသင်း ဘောလုံးသမားများသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားရန်အတွက် ဂျာမနီနိုင်ငံသို့ ဇွန် ၅ ရက်က ထွက်ခွာခဲ့ကြောင်း သိရသည်။

ဗြိတိသျှလေကြောင်းပိုင် ဘီအေ ၉၂၀၀ စီ လေယာဉ်ကြီးဖြင့် လူတန်မြို့မှ ထွက်ခွာလာရာ ဗြိတိသျှ စံတော်ချိန် ၁၇း၀၀ တွင် ဂျာမနီနိုင်ငံသို့ ရောက်ရှိကြသည်။

အဆိုပါ လေယာဉ်ပေါ်တွင် အင်္ဂလန်အသင်းနှင့်အတူ ဝိန်းရွန်နေလည်း လိုက်ပါလာသည်။ သို့ရာတွင် ၎င်းသည် ဒဏ်ရာ ပြန်လည်စစ်ဆေးရန်အတွက် ဇွန် ၇ ရက်တွင် မန်ချက်စတာသို့ ပြန်ရလိမ့်ဦးမည်ဖြစ်သည်။

အင်္ဂလန်အသင်းသည် ကမ္ဘာ့ဖလား ပွဲဦးထွက်အဖြစ် ဇွန် ၁၀ ရက်တွင် ဖရန့်ဖတ်မြို့၌ ပါရာဂွေးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အဲရစ်ဆင်၏ အင်္ဂလန်အသင်းသည် လူတန်လေဆိပ်မှ မထွက်ခွာမီ ဇွန် ၅ ရက်တွင် ဝက်ဖို့ဒ်ရှိ နောက်ဆုံး လေ့ကျင့်ရေးကွင်း၌ ရှိနေကြသည်။

**ဒုတိယအကြိမ်**

အင်္ဂလန်အသင်းသည် ၁၉၆၆ ခုနှစ်က ပထမဆုံးအကြိမ် ကမ္ဘာ့ဖလားဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့ဖလား ဒုတိယအကြိမ်ဆွတ်ခူးရန် ရေပန်းစားလျက်ရှိသည်။

အင်္ဂလန်အသင်း ဂျာမနီသို့ မထွက်ခွာမီ လူတန်လေဆိပ်၌ ပြည်သူများက အင်္ဂလန်အသင်းအား ပို့ဆောင်နှုတ်ဆက်ကြသည်။ ယင်းတို့ တည်းခိုမည့် ဟိုတယ်အမည်မှာ စခလော့စ်ဟိုတယ် ဘူလာဟိုးဟဲ ဖြစ်ပြီး အခန်းပေါင်း ၉၀ ပါဝင်သည်။ ယင်းတို့တည်းခိုနေစဉ်အတွင်း လုံခြုံရေးအပြည့်အဝချထားပေးမည် ဖြစ်ကြောင်း သိရသည်။

**ယုံကြည်ချက်**

အဲရစ်ဆင်က သူ၏ကစားသမားများကို ပြိုင်ပွဲတွင် အကောင်းဆုံးပုံဖော်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ထားသည်။ အင်္ဂလန်အသင်းသားများ ကမ္ဘာ့ဖလား အောင်နိုင်ရမည်ဟု ယုံကြည်ချက်အပြည့်အဝ ခံယူထားကြသည်။

မိမိတို့အသင်း ဂျာမနီနိုင်ငံ ဘာဒန်ဘာဒန်မြို့သို့ ရောက်ရှိစဉ် ဒေသခံကျောင်းသား ကျောင်းသူများက ကြိုဆိုကြမည်ဖြစ်ကြောင်း အဲရစ်ဆင်က ပြောကြားသည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲထက်ကြီးမြတ်သော ဘောလုံးပြိုင်ပွဲ မရှိကြောင်း၊ မိမိတို့ ဒီအတွက် ယှဉ်ပြိုင်ရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ မိမိတို့၏ ယုံကြည်မှုစိတ်ဓာတ်နှင့် ဘောလုံးသမားများ၏ အစွမ်းအစကို မကြာမီသီတင်းပတ်အတွင်း အကဲခတ်နိုင်ကြလိမ့်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

နည်းပြအဲရစ်ဆင်က အင်္ဂလန်အသင်းကို နောက်ဆုံးကိုင်တွယ်စဉ် အင်္ဂလန်အသင်းအတွက် ဒုတိယအကြိမ် ကမ္ဘာ့ဖလားဆွတ်ခူးပေးရန် ပြင်ဆင်ထားကြောင်း၊ မက်ကလာရင်အား အင်္ဂလန် နည်းပြအဖြစ် လွှဲပြောင်းခြင်းမတိုင်မီ အကောင်းဆုံးအသင်းဖြစ်အောင် လုပ်ပေးသွားမည်ဖြစ်ကြောင်း အင်္ဂလန်နည်းပြ အဲရစ်ဆင်က ပြောသည်။

**ဒီဖိုး**

စပါးတိုက်စစ်မှူး ဒီဖိုးသည် ရွန်နေ၏ဒဏ်ရာ ပြန်လည်စစ်ဆေးမှု အဖြေစောင့်ရန် နောက်တွင် ကျန်ရစ်ခဲ့ရသည်။အင်္ဂလန်တိုက်စစ်မှူး ရွန်နေမှာ ဒဏ်ရာကြောင့် တစ်လကြာအနားယူခဲ့ကြောင်း၊ အုပ်စု(က) အဖွင့်ပွဲအဖြစ် အိမ်ရှင်ဂျာမနီနှင့် ကော့စတာရီကာအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

ရွန်နေသည် ဂျာမနီ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် တစ်စိတ်တစ်ဒေသအားဖြင့် ပါဝင်ကစားနိုင်လိမ့်မည်ဖြစ်ကြောင်း အဲရစ်ဆင်က ယုံကြည်ထားသည်။ ၎င်းသည် ဇွန် ၇ ရက်၌နောက်ဆုံးခြေထောက်ဒဏ်ရာအား စစ်ဆေးပြီးပါက ညနေပိုင်းတွင် မိမိတို့၏အသင်းထံသို့ ပြန်လာလိမ့်မည်ဟု ယုံကြည်ကြောင်း အဲရစ်ဆင်က ဆက်လက်ပြောကြားသည်။

မီဒီယာအများစုက အင်္ဂလန်အသင်း ခေါင်းဆောင် ဒေးဗစ်ဘက်ခမ်းအား ကမ္ဘာ့ဖလားတွင် အကောင်းဆုံးခြေစွမ်းပြ ကစားလိမ့်မည်ဟု ယုံကြည်ထားသည်။

အင်္ဂလန်အသင်းသည် အလွတ်တည်ကန်ဘောနှင့် ထောင့်ကန်ဘောကန်ရာတွင် ကမ္ဘာပေါ်တွင်အကောင်းဆုံးအသင်း ဖြစ်သည်။ ထို့အပြင် အင်္ဂလန်အသင်းသည် ကမ္ဘာပေါ်တွင် အကောင်းဆုံး ဘောလုံးအသင်းတစ်သင်းအဖြစ် ရပ်တည်နေသည်။

ပြီးခဲ့သည့် ၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် ဘက်ခမ်းသည် ခြေထောက်ကျိုးခဲ့ရာမှ ပြန်ကစားခဲ့ရသဖြင့် ကျန်းမာရေးအခက်အခဲနှင့် ရင်ဆိုင်ခဲ့ရသည်။

သို့ရာတွင် ယခုနှစ်၌ ၎င်းသည် ကမ္ဘာ့ဖလားပွဲကြို သုံးပွဲတွင် ကြံ့ခိုင်မှုထိပ်ဆုံးတွင်ရှိနေပြီး ဖရန့်လမ်းပတ်နှင့် ဂယ်ရီနဗီးလ်နှင့်အတူ အတောင့်တင်းဆုံး အခြေအနေတွင် ရှိနေသည်။

ဘက်ခမ်းသည် ရီးရဲမက်ဒရစ်တွင်ကစားသည့် ခြေမျိုးမဟုတ်ဘဲ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အကောင်းဆုံး အနေအထားဖြင့် ပြင်ဆင်ထားသည်။

အင်္ဂလန်အသင်း ကမ္ဘာ့ဖလားပြိုင်ပွဲတစ်လျှောက် ပယ်နယ်တီများကို လမ်းပတ်က အကောင်းဆုံးတာဝန်ယူနိုင်လိမ့်မည်ဟု အဲရစ်ဆင်က ယုံကြည်ထားသည်။

**ပြုံးပျော်ရယ်မော**

**ဇွန် ၅ ရက်က ဂျာမနီသို့ထွက်ခွာလာသော အင်္ဂလန်ဘောလုံးအသင်းမှ ရွန်နေ၊ ဘက်ခမ်းနှင့် နည်းပြ အဲရစ်ဆင်တို့အား လေယာဉ်ပေါ်အတက်တွင် ဤသို့ ပြုံးပျော်ရယ်မောလျက် တွေ့ရသည်။**

**အင်္ဂလန်အသင်း၏ ကမ္ဘာ့ဖလားအောင်မြင်မှုမှတ်တမ်း**

| နှစ် | အိမ်ရှင် | အောင်မြင်မှု |
|---|---|---|
| ၁၉၃၀ | ဥရုဂွေး | – |
| ၁၉၃၄ | အီတလီ | – |
| ၁၉၃၈ | ပြင်သစ် | – |
| ၁၉၅၀ | ဘရာဇီး | ဒုတိယဆင့် |
| ၁၉၅၄ | ဆွစ်ဇာလန် | ကွာတားဖိုင်နယ် |
| ၁၉၅၈ | ဆွီဒင် | – |
| ၁၉၆၂ | ချီလီ | ကွာတားဖိုင်နယ် |
| ၁၉၆၆ | အင်္ဂလန် | ဖိုလ်စွဲ |
| ၁၉၇၀ | မက္ကဆီကို | ကွာတားဖိုင်နယ် |
| ၁၉၇၄ | အနောက်ဂျာမနီ | – |
| ၁၉၇၈ | အာဂျင်တီးနား | – |
| ၁၉၈၂ | စပိန် | ဒုတိယဆင့် |
| ၁၉၈၆ | မက္ကဆီကို | ကွာတားဖိုင်နယ် |
| ၁၉၉၀ | အီတလီ | စတုတ္ထ |
| ၁၉၉၄ | အမေရိကန် | – |
| ၁၉၉၈ | ပြင်သစ် | ဒုတိယအကျော့ (၁၆)သင်း |
| ၂၀၀၂ | ကိုရီးယား-ဂျပန် | ကွာတားဖိုင်နယ်။ |

**(အင်တာနက်)**

## အင်္ဂလန်ဖိုလ်စွဲမည်ဟု တစ်ရှိန်ထိုးရေပန်းစား

ဘာလင် ဇွန် ၆

**၂၀၀၆ ကမ္ဘာ့ဖလားပွဲ နီးကပ်လာသည်နှင့်အမျှ အင်္ဂလန်အသင်း ရေပန်းစားမှုမှာ တစ်ရှိန်ထိုးမြင့်တက်လာလျက်ရှိရာ ယခုနှစ်၌ အင်္ဂလန်အသင်း ဖိုလ်စွဲမည်ဟု ခန့်မှန်းသူ ရာခိုင်နှုန်းအများဆုံးဖြစ်ကြောင်း ဖီဖာ၏ သတင်းပြန်ကြားရေးဆပ်ကော်မတီက သတင်းထုတ်ပြန်လိုက်သည်။**

ဒေးဗစ်ဘက်ခမ်း၊ ရွန်နေ၊ မိုက်ကယ်အိုဝင်၊ ဖရန့်လမ်းပတ်၊ စတီဗင်ဂျရတ်တို့အပြင် ဂျွန်တယ်ရီ၊ ဖာဒီနန်၊ အက်ရှ်လေကိုးတို့သည် ထိပ်တန်းဘောလုံးသမားများဖြစ်ပြီး ယခုအချိန် အကောင်းဆုံးခြေစွမ်းပြနိုင်သည့် အချိန်ကာလလည်းဖြစ်နေကြောင်း ခန့်မှန်းသူများက သုံးသပ်ကြသည်ဟု ဆိုသည်။

ထို့အပြင် အသက်အရွယ်များမှာလည်း ဂျရတ် ၂၅ နှစ်၊ လမ်းပတ် ၂၆ နှစ်၊ မိုက်ကယ်အိုဝင် ၂၆ နှစ်နှင့် ဖာဒီနန် ၂၇ နှစ်အပြင် အခြားဘောလုံးသမားများလည်း အသက်ငယ်ရွယ်သူများ ပါဝင်နေသည်။ အင်္ဂလန်အသင်း လုံလောက်သောအနားယူမှုလည်း ရရှိထားရာ အင်္ဂလန်အသင်းသည် ၂၀၀၆ ကမ္ဘာ့ဖလား၌ ဖိုလ်စွဲမည့်အသင်းဖြစ်ကြောင်း ဘောလုံးကျွမ်းကျင်သူများက သုံးသပ်လျက်ရှိသည်။

**(ကိုးကား-ဗန်ကောက်ပို့စ်)**

## ကမ္ဘာ့ဖလားပွဲမပြီးမချင်း မည်သူ့မျှ တတ်အပ်မပြောနိုင်ဟု ကလင်းစမန်း ပြောကြား

ဘာလင် ဇွန် ၆

"ဇူလိုင် ၁၀ ရက်မတိုင်မီ တိကျတဲ့အဖြေ ဘယ်သူမှမပြောနိုင်ပါဘူး" ဟု ဂျာမနီနည်းပြ ကလင်းစမန်းက သတင်းစာရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။ ဘာလင်ကွန်ဂရက်စင်တာ၌ ဇွန် ၅ ရက်က ပြုလုပ်သော ဂျာမနီအသင်း သတင်းစာရှင်းလင်းပွဲတွင် ကလင်းစမန်းက ပြောကြားရာ၌ ဇူလိုင် ၉ ရက် ကမ္ဘာ့ဖလားနောက်ဆုံး ဖိုလ်လုပွဲ၌ မည်သည့်အသင်းများ ဖိုလ်လုရမည်၊ဖိုလ်စွဲမည်ကို မည်သူမျှ မပြောနိုင်ကြောင်း ကြိုတင်သုံးသပ်မှုနှင့်ပတ်သက်၍ မယုတ်မလွန်ပြောကြားခြင်း ဖြစ်သည်။

"မိမိတို့ ဂျာမနီအသင်း ဇွန် ၉ ရက်၌ကစားမည့် ကော့စတာရီကာအသင်းနှင့်ပွဲကို အာရုံစိုက်ထားကြောင်း၊ ပွဲတိုင်း အကောင်းဆုံးကစားသွားမည်ဖြစ်ကြောင်း၊ လေ့ကျင့်မှု၊ ကြံ့ခိုင်မှု အကောင်းဆုံးအနေအထား ရှိနေကြောင်း"ပြောကြားသည်။

ကမ္ဘာ့ဖလား၌ မိမိတို့ အောင်မြင်မှု တစ်ခုခုရရှိမည်ဟု မျှော်လင့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ကမ္ဘာ့ဖလားပွဲ နီးကပ်လာသည်နှင့်အမျှ ဘရာဇီးနှင့် အင်္ဂလန်အသင်းများ ဖိုလ်စွဲမည်ဟု တစ်ရှိန်ထိုး ရေပန်းစားလျက်ရှိသည်။

**(ကိုးကား-ဗန်ကောက်ပို့စ်)**

## ကမ္ဘာ့ဖလားပြိုင်ပွဲဝင်အသင်းများ ချစ်ကြည်ရေးပွဲများအပြီး ဂျာမနီသို့ရောက်လာ

**ဘရာဆီးလီးယား ဇွန် ၆**

ဘရာဇီးဘောလုံးအသင်းသည် နယူးဇီလန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ကမ္ဘာ့ဖလားပွဲကြို ချစ်ကြည်ရေးပွဲတွင် အနိုင်ရခဲ့၍ ကမ္ဘာ့ဖလား ဖိုလ်လုပွဲဆီသို့ အရောက်သွားရန် ဟန်ပြင်လျက်ရှိသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်း ၃၂ သင်းစလုံး ဂျာမနီ ကမ္ဘာ့ဖလားတွင် တွေ့မြင်ရန် နှစ်ရက်သာလိုတော့သည်။ ဇွန် ၉ ရက်မှ ဇူလိုင် ၉ ရက်အထိ တစ်လကြာကျင်းပမည့် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အသင်းကြီးများအနေဖြင့် အထူးပြင်ဆင်လေ့ကျင့်ခဲ့ကြသည်။

ဘရာဇီးအသင်းသည် ဂျီနီဗာ၌ နယူးဇီလန်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ရော်နယ်ဒို၊ ကာကာနှင့် အက်ဒရီယာနိုတို့ ပါဝင်ကစားခဲ့သည်။

ဇွန် ၄ ရက်က နယ်သာလန်နှင့် ဩစတြေးလျအသင်းတို့သည် ရော့တာဒမ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။ နယ်သာလန်မှ ဖီးလစ်ကိုကူး၊ ဝက်စလေရှနိုက်ဒါနှင့် ဂျီရိုဗန်နီတို့ ဒဏ်ရာရရှိသွားသည်။

ယင်းနေ့၌ ဂါနာအသင်းက ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလားအကြို ဖိုလ်လုပွဲရောက် တောင်ကိုရီးယားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ဂျပန်က တာမာဒါ၏ဂိုးဖြင့် မော်လ်တာအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ အိုင်ဗရီကို့စ်အသင်းက ဆလိုဗေးနီးယားအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသွားသည်။

**(နေးရှင်း)**

**ဘရာဇီးနှင့် နယူးဇီလန်အသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ဘရာဇီး တိုက်စစ်မှူး အက်ဒရီယာနို(အလယ်)၏ ထိုးဖောက်ကစားဟန်။**

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

# အုပ်စု(ဆ)၌ ပြင်သစ်တို့ အုပ်စုချောင် တောင်ကိုရီးယားနှင့်ဆွစ်ဇာလန်တို့ ဒုတိယနေရာလုရဖွယ်

စုစည်းတင်ပြသူ

မောင်မောင်မြင့်ဆွေ

ဘာလင် ဇွန် ၆

၂၀၀၆ ကမ္ဘာ့ဖလား ပြိုင်ပွဲ၌ အုပ်စုအချောင်ဆုံးမှာ ပြင်သစ်ဖြစ်သည်။ အုပ်စု(ဆ)၌ ပြင်သစ်၊ ဆွစ်ဇာလန်၊ တောင်ကိုရီးယားနှင့် တိုဂိုတို့ ပါဝင်လျက်ရှိရာ ပြင်သစ်အသင်းနှင့် ခြေရည်တူအသင်း မရှိချေ။



၂၀၀၆ ဂျာမနီ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ပြင်သစ်ဘောလုံးအသင်းနည်းပြ ရေမွန်ဒိုမီနစ်ချ်။
(ဓာတ်ပုံ–အင်တာနက်)

## ယှဉ်နိုင်မည်

ပြင်သစ်အသင်း ၁၉၉၈ခုနှစ်က ချန်ပီယံဖြစ်ခဲ့သည့် ခြေစွမ်းကို ပြန်မီရန် အင်အားအတောင့်တင်းဆုံးအသင်း တည်ဆောက်ရာတွင် ဇီဒန်း၊ အွန်နရီ၊ ဗီယာရာ၊ ဘားသက်ဇ်၊ မက်ခီလီလီတို့ ထည့်သွင်းထားသဖြင့် ချန်ပီယံအဖြစ် မှန်း နိုင်သော ခြေစွမ်းရှိနေသည်။ ၁၉၈၈ခုနှစ် နောက်ဆုံးဗိုလ်လုပွဲ၌ ဘရာဇီးကို သုံးဂိုး–ဂိုးမရှိ ပြတ်ပြတ်သားသား အနိုင်ယူခဲ့သည့် ခြေစွမ်းမျိုး ပြင်သစ်တို့ ပြန်ရနိုင်လျှင် ရေပန်းစားနေသော ဘရာဇီးတို့ကို ယှဉ်နိုင်မည်ဖြစ်သည်။

ပြင်သစ်တိုက်စစ်တွင် အွန်နရီ၊ အလယ်တန်း တိုက်စစ် ဇီဒန်း၊ နောက်တန်းခံစစ်မှူးနှင့် တိုက်စစ်ကိုပါ လိုက်ပါ ကစားပေးနိုင်သည့် ဂါးလက်စ်တို့သည် နေရာစုံမှ ဂိုးသွင်း နိုင်ကြသူများဖြစ်သည်။

## တောင့်တင်း

ထို့အပြင် ပြင်သစ်အသင်းတွင် အရန်ကစားသမားတို့၏ ခြေစွမ်းကလည်း ထက်မြက်သည်ဖြစ်ရာ နေရာစုံ၌ ကမ္ဘာ့အကောင်းဆုံး ခြေစွမ်းပြနိုင်မည့် ဘောလုံးသမားများ ရှိနေသည်။ တိုက်စစ်၊ ကွင်းလယ်နှင့် နောက်တန်း ခံစစ်ကြောင်းလည်း တောင့်တင်းလှသည်ဖြစ်ရာ အုပ်စု(ဆ)၌ ပြင်သစ်တို့ အုပ်စုဗိုလ်အဖြစ် နောက်တစ်ဆင့်တက်မည်သာ ဖြစ်သည်။

သို့သော်ပြင်သစ်တို့ အလေးထားရမည်မှာ အာရှမှ တောင်ကိုရီးယားအသင်းပင်ဖြစ်သည်။ ၂၀၀၂ ကမ္ဘာ့ဖလားပွဲ၌ စတုတ္ထရရှိခဲ့ပြီး ဥရောပထိပ်သီးအသင်းကြီးများကို တစ်သင်းပြီးတစ်သင်း ဖြုတ်ချခဲ့သည့် အသင်းလည်းဖြစ်သည်။ တတိယနေရာလုပွဲ၌ တူရကီအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် ကပ်ရှုံးခဲ့၍ တတိယနေရာလက်လွတ်ခဲ့ရသည့် အသင်းဖြစ်ရာ အာရှမှ ခြေစွာသော တောင်ကိုရီးယားကို ပြင်သစ်တို့ သတိထားကစားရမည်ဖြစ်သည်။

ကမ္ဘာ့ဖလားကို ခြောက်ကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်လာပြီး လက်ရှိတောင်ကိုရီးယားအသင်း၌ ဥရောပအခြေစိုက် ဘောလုံးသမားငါးဦး ပါဝင်သည်။ မန်ယူအသင်း၌ ကစားနေသည့် ပတ်ဂျီဆန်၊ စပါး၌ ကစားနေသော လီယောင်ပြို့တို့က တောင်ကိုရီးယား၏ အမာခံဘောလုံးသမားများ ဖြစ်လာမည်ဖြစ်သည်။

## အစွမ်းကုန်ကြိုးစား

တောင်ကိုရီးယား နည်းပြ အက်ဗိုကက်အနေဖြင့် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ထိုက်တန်သော အောင်မြင်မှုတစ်ခု ရရှိအောင် စွမ်းဆောင်ပေးမည်ကို တောင်ကိုရီးယားတို့ ယုံကြည်နေသည်။ တောင်ကိုရီးယားတို့အနေဖြင့် ၂၀၀၂ ခုနှစ်က စိတ်ဓာတ်မျိုးဖြင့်ကစားခဲ့လျှင် အောင်မြင်မှုရလဒ်တစ်ခုကိုရရှိပြီး အိမ်ပြန်ရမည် ဖြစ်သည်။ တောင်ကိုရီးယားအသင်း စိတ်ဓာတ်ကောင်းမွန်ပြီး အနိုင်ရလိုစိတ်ပြင်းပြင်းဖြင့်ကစားမည်ဖြစ်သော်လည်း အုပ်စု(ဆ)၌ ပြင်သစ်တို့ကို မည်သို့မျှမကျော်လွှားနိုင်ချေ။ သမ္မာနှင့်ဝါတို့ ကွာလွန်းသည်ဖြစ်ရာ တစ်ဦးချင်းစွမ်းရည်၊ အသင်းလိုက်ကစားမှု၊ နည်းစနစ်ပိုင်းတို့တွင် ဥရောပအသင်းများနှင့် ကွာဟချက်များရှိနေဆဲဖြစ်ရာ အုပ်စုဒုတိယနေရာရရှိအောင်ပင် အစွမ်းကုန်ကြိုးစားရမည့် အနေအထားရှိသည်။



၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် တောင်ကိုရီးယားအသင်း နည်းပြ အက်ဗိုကက်။
(ဓာတ်ပုံ–အင်တာနက်)

တောင်ကိုရီးယားလက်ရွေးစင်ဘောလုံးအသင်း။
(ဓာတ်ပုံ–အင်တာနက်)

# ကမ္ဘာ့ဖလား သတင်းဂယက်

ပြင်သစ်လက်ရွေးစင်ဘောလုံးအသင်း။
(ဓာတ်ပုံ–အင်တာနက်)



ပြင်သစ်အသင်းအတွက် အဓိကအားထားရမည့် အွန်နရီ။
(ဓာတ်ပုံ–အင်တာနက်)

## ရွှေဖိနပ်ဆု

အုပ်စု(ဆ)၌ အိမ်ဖြည့်ဟု သတ်မှတ်ထားသည်မှာ မျက်နှာသစ် တိုဂိုအသင်းပင်ဖြစ်သည်။ တိုဂိုအသင်း ယခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ အာဖရိကဇုန် အုပ်စု(က)တွင် ခုနစ်ပွဲနိုင်၊ နှစ်ပွဲရှုံး၊ တစ်ပွဲသရေ ရလဒ်များဖြင့် ခြေစစ်ပွဲ အောင်လာခြင်းဖြစ်ပြီး ခြေစွာလှသည်။ တိုဂိုအသင်း၌ အဓိကအားထားရမည့် တိုက်စစ်မှူးမှာ အီမန်နူယယ်အဒီဘေယာဖြစ်သည်။ ခြေစစ်ပွဲတစ်လျှောက် တစ်ဦးတည်း ၁၁ ဂိုးသွင်းပြီး အာဖရိကဇုန်၌ ဂိုးသွင်း ရွှေဖိနပ်ဆုရရှိထားသူလည်း ဖြစ်သည်။

တိုဂိုတို့ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၁၉၇၄ ခုနှစ်မှ စတင်ဝင်ရောက် ယှဉ်ပြိုင်ခဲ့သော်လည်း ယခုနှစ်မှ ခြေစစ်ပွဲအောင်ပြီး ပထမဆုံးအကြိမ် ကမ္ဘာ့ဖလား ဆင်နွှဲခွင့်ရရှိခဲ့သည့် အသင်းလည်းဖြစ်သည်။ လျင်မြန်မှု၊ ထိုးဖောက်တိုက်စစ်ဆင်မှုများတွင် တိုဂိုတို့ ကောင်းမွန်သော်လည်း အဆုံးသတ် ဂိုးသွင်းမှု မပိုင်နိုင်ကြသည်ဖြစ်ရာ တိုဂိုတိုက်စစ်မှူးများ ဂိုးပေါက်တည့်ရန် လိုအပ်သည်။ ကမ္ဘာ့ဘောလုံးအဆင့် သတ်မှတ်ချက် ၆၁တွင် ရှိနေသော တိုဂိုတို့ ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အောင်မြင်မှုတစ်ခုခုရရှိရန် ဆန္ဒပြင်းပြလျက်ရှိနေရာ မည်သို့သောရလဒ်များ ရရှိသွားမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

## ကျော်လွှားသွားမည်

တိုဂိုနည်းပြမှာ ဂျာမနီနိုင်ငံသား အော်တိုဖစ်တာဖြစ်ပြီး နည်းပြသက်တမ်း တစ်နှစ်အတွင်း တိုဂိုအသင်းကို ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ တိုဂိုအသင်း ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အုပ်စုအဆင့်မှ ကျော်လွှားသွားမည်ကို မြင်တွေ့ရမည်ဟု နည်းပြအော်တိုဖစ်တာက ပြောကြားနေသည်။

## တော်ရုံကြိုးစား၍မရ

နာမည်ကြီး တူရကီနှင့် ရှုံးထွက်ပွဲစဉ်ကစားပြီး ခြေစစ်ပွဲအောင်လာသည့် ဆွစ်ဇာလန်တို့ အုပ်စု(ဆ)၌ အုပ်စုဒုတိယနေရာကို တောင်ကိုရီးယားနှင့် လုရမည့် အနေအထား ရှိသည်။ ဆွစ်ဇာလန်တို့ ကမ္ဘာ့ဖလား သမိုင်းစာမျက်နှာ၌ ၁၉၃၄၊ ၁၉၃၈၊ ၁၉၅၄ခုနှစ်များ၌ ကွာတားဖိုင်နယ်အထိ ရောက်ရှိခဲ့ဖူးရာ အစဉ်အလာအရ တောင်ကိုရီးယားတို့ မယှဉ်နိုင်ချေ။ ၂၀၀၂ ကမ္ဘာ့ဖလား၌ တတိယနေရာလုပွဲတွင် တောင်ကိုရီးယားတို့ကိုအနိုင်ကစားခဲ့သော တူရကီကို ဆွစ်ဇာလန်တို့ အနိုင်ကစားခဲ့သည့် ခြေစွမ်းကလည်း မနိမ့်သည်ဖြစ်ရာ တောင်ကိုရီးယားတို့ အုပ်စုဒုတိယနေရာကို တော်ရုံကြိုးစား၍ရမည် မဟုတ်ချေ။

## တိုက်စစ်အားကောင်း

ဆွစ်ဇာလန်နည်းပြ ဂျက်ကော့ဘ်ခန်းက ကွင်းလယ်ကစားသမား ရာဖဲလ်ဝစ်ကီနှင့် တူရကီပွဲ၌ အဆုံးအဖြတ်ဂိုးသွင်းပေးခဲ့သည့် စတုဂတ်ကလပ်အသင်းမှ မာကိုစတောလားတို့ကို အဓိကထားကစားမည်ဖြစ်သည်။ ထို့အပြင် ဆွစ်ဇာလန် တိုက်စစ်မှူးဖြစ်သည့် အသက် ၂၆နှစ် အရွယ် အလက်ဇန္ဒြားဖရေး ပါဝင်နေခြင်းကလည်း ဆွစ်ဇာလန် တိုက်စစ်ကို အားကောင်းစေမည်မှာ အမှန်ပင်ဖြစ်သည်။

၂၀၀၆ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင် တောင်ကိုရီးယားအသင်း၌ အားထားရမည့် ဘောလုံးသမား ပတ်ဂျီဆန်(မန်ယူ)။
(ဓာတ်ပုံ–အင်တာနက်)

ယူရို ၂၀၀၈ကို ပူးတွဲအိမ်ရှင် ကျင်းပခွင့်ရရှိထားသည့် ဆွစ်ဇာလန်တို့ ၂၀၀၆ ကမ္ဘာ့ဖလားပွဲ၌ သိက္ခာရှိရှိ ရပ်တည်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးစားပြီး အောင်မြင်မှုရရှိအောင် အကြိတ်အနယ်ကစားသွားမည်ဟု မျှော်လင့်လိုက်ရပေသည်။ ။

(မြန်မာ့အလင်း)

## နှစ်ငါးဆယ်ပြည့်ရွှေရတုမင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင်ဖခင်ကြီး **ဦးလှမြိုင်(ကိုဆောင်း)**နှင့် ကျေးဇူးရှင်မိခင်ကြီး **ဒေါ်မြင့်မြင့်**တို့၏ ၇-၆-၂၀၀၆ရက်တွင် ကျရောက်သော နှစ်ငါးဆယ်ပြည့် ရွှေရတုမင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် အတူတကွ နိုင်ငံ့အကျိုး၊ သာသနာ၊ စာပေအကျိုး ဆတက်ထမ်းပိုး စွမ်းဆောင်နိုင်ပါစေကြောင်း ရိုသေစွာ ဆုမွန်တောင်းလျက်-

**သား - အောင်သူမြိုင်-ဘေဘီဖ်**
**သမီး - ဒေါက်တာမြင့်သူမြိုင်**
**မြေး - မေဦးမြိုင်၊ ရွှေပိုမြိုင်။**

## အမည်ဖြည့်စွက်ခေါ်ပါရန်

ပျဉ်းမနားမြို့ ရွာကောက်မြို့သစ်ရပ်နေ အဖ ဦးတင်လှိုင်၏သမီးဖြစ်သူ မမီးမီး(2nd YAU)အား မီးမီး(ခ) စွမ်းရည်ထက်ထက်ဟုပြောင်းလဲခေါ်ဆိုပါရန်။

**မမီးမီး(ခ)စွမ်းရည်ထက်ထက်။**
















## ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၄၁၊ အင်းလျားမြိုင်လမ်း၊
ရွှေတောင်ကုန်း၊ ဗဟန်းမြို့နယ်နေ
(ဦးသာဒင်-ဒေါ်တင်ညွန့်)တို့၏
သားထွေး
ဟသ်ာတမြို့နေ ဦးသန်းရွှေ-(ဒေါ်အေးညွန့်)တို့၏တူ

**မောင်ဇေယျ B.Sc (Geology)**

နှင့်

ရန်ကုန်မြို့၊ အမှတ် ၁၇(အေ)၊ နဝဒေးလမ်း၊ ဒဂုံမြို့နယ်နေ
ဦးတင်လတ်-(ဒေါ်တင်စိန်)တို့၏
မြေးဦးကြီး
(ဦးသန်းဦး)-ဒေါ်ချိုချိုစောတို့၏သမီးကြီး
ဦးလှရွှေ-ဒေါ်ခင်မေကြည်တို့၏တူမ
မအေးအေးမြင့် (မန်နေဂျာ၊ Asia Duty Free)
ကိုဝင်းသန်း(Future Group)-မအေးအေးမြတ်
(Paris-3၊ အထည်ဆိုင်) တို့၏အစ်မ

**မကြူကြူနိုင် 2nd Year (Physics)**

တို့သည် နှစ်ဖက်သောမိဘများ၏ ခွင့်ပြုသဘောတူညီချက်အရ ၁၇-၄-၂၀၀၅ရက်တွင် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ဇေယျ-မကြူကြူနိုင်။**

## ပန်းတစ်ပွင့်တောင်တောရသာသနာ့နယ်မြေ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့်ဆေးခန်းဖွင့်

**ရန်ကုန် ဇွန် ၆**

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ၌ ၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းဖွင့်ပွဲနှင့် ပန်းတစ်ပွင့်တောင် ဇီဝိတဒါန ကုသိုလ်ဖြစ် ဆေးခန်းဖွင့်ပွဲကို ယနေ့ နံနက် ၉နာရီတွင်ကျင်းပသည်။

### ပေးအပ်လှူဒါန်း

ရှေးဦးစွာ ပရိသတ်တို့က ပန်းတစ်ပွင့်တောင် တောရ သာသနာ့နယ်မြေ ပဓာနနာယကချုပ် ဆရာတော်ထံမှ ငါးပါးသီလနှင့် သြဝါဒကထာနာယူကြပြီး အလှူရှင်များက ဆေးဝါးနှင့် ပညာရေးရန်ပုံငွေတို့ကို ဆရာတော်ထံ ပေးအပ်လှူဒါန်းကြသည်။

### ဖွင့်လှစ်ပေး

ထို့နောက် ပန်းတစ်ပွင့်တောင် ဇီဝိတဒါန ကုသိုလ်ဖြစ်ဆေးခန်းဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တာဝန်ခံ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တ ဉာဏိဿရက ဆေးခန်းဖြစ်ပေါ်လာရခြင်းကို ရှင်းလင်းပြောကြားပြီး ပန်းတစ်ပွင့်တောင် နာယကချုပ် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ၊ ဒေါက်တာစောဝင်း၊ အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာခင်မောင်အုန်း၊ ဝါးနက်ချောင်းဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိနှင့် မှော်ဘီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှဦးတို့ကဖဲကြိုးဖြတ်၍ ဇီဝိတဒါန ကုသိုလ်ဖြစ်ဆေးခန်းကို ဖွင့်လှစ်ပေးကြသည်။**(အပေါ်ပုံ)**

အဆိုပါဆေးခန်း၌ဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးများက အလှည့်ကျလုပ်အားဒါနပြုလုပ်၍ သူငယ်တန်းမှ ဒသမတန်းအထိ ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူ ၅၀၀ကျော်နှင့်ပန်းတစ်ပွင့်တောင်အနီးရှိ ဒေသခံပြည်သူများအား ဇီဝိတဒါန ကျန်းမာရေးစောင့်ရှောက်ပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**သဃ်န်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် စွန်းလွန်းဂူဝိပဿနာကျောင်းတိုက်၌ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် အရှင်သုမင်္ဂလ၏(၅၁)နှစ်ပြည့် ဝိဇာတမွေးနေ့အလှူနှင့် စာအောင်ဆုနှင်းသဘင်ကို ဇွန် ၄ရက်ကကျင်းပရာ အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့်ဇနီးဒေါ်နန်းရွှေယဉ်တို့က လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်စဉ်။** (ဝ၅၂)

**သစ်တောတွေပြုန်း**
**ရေမြေဆုံး**
**ပျက်သုဉ်းကမ္ဘာ**
**မရှည်ကြာ**
**သစ်တောတွေစိမ်း**
**ရေမြေထိန်း**
**ဖွံ့ဖြိုးကမ္ဘာ**
**လွန်ရှည်ကြာ**

## ပြင်ဆင်မှုကိုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ

**တရားမကျင့်ထုံးဥပဒေအမိန့်(၄၁) နည်းဥပဒေ ၁၄နှင့်ပုဒ်မ ၁၁၅**
**တရားရုံးချုပ်(မန္တလေး)**
**၂၀၀၅ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၁၇၇**
**ဒေါ်ခင်စောဝေ နှင့် ဒေါ်မြင့်မြင့်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးဇေယျာမြင့်ရှိန်)**
**ပါ-၈**

| လျှောက်ထားသူ | လျှောက်ထားခံရသူများ |
| --- | --- |

၂၀၀၅ခုနှစ် ဒီဇင်ဘာ ၉ရက်နေ့စွဲပါ မကွေးတိုင်းတရားရုံး၏ တရားမကြီးမှု အမှတ်-၂၈/၂၀၀၄၏အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ မကွေးတိုင်း၊ အောင်လံမြို့၊ ကန်ကြီးရပ်ကွက်၊ ပြည်လမ်း၊ အမှတ် ၃၃၂နေ (ယခင်လိပ်စာ ယခုလိပ်စာမသိ)လျှောက်ထားခံရသူ အမှတ်(၂) ဒေါ်ကြည်မေအေး၊ အမှတ်(၃) ဦးတင်အောင်လွင်၊ အမှတ်(၈) ဦးကိုကိုလတ်တို့ သိစေရမည်။

ဤအမှုတွင် တိုင်းတရားရုံး၏အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားရုံးချုပ်ရှေ့နေ ဦးသိန်းလှက တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၀၆ခုနှစ် ဇွန်လ၁၆ရက် နံနက်၁၀နာရီတွင် ဤရုံးကချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ သင်တို့၏ကိုယ်စား သင်တို့၏တရားရုံးချုပ်ရှေ့နေကဖြစ်စေ သို့မဟုတ် သင်တို့အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်တို့၏ မျက်ကွယ်ရာတွင် ဤအမှုကိုဆုံးဖြတ်လိမ့်မည်။

၂၀၀၆ခုနှစ် မေလ ၂၉ရက်တွင် တံဆိပ်ရိုက်နှိပ်သည်။

**အမိန့်အရ-**
**သန်းသန်းလွင်**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမဌာနခွဲ(၃)၊ ဌာနစု(၄)**
**တရားရုံးချုပ်(မန္တလေး)။**

## ထရန်စဖော်မာအနီး၌ သောင်းကျန်းသူများထောင်ထားသည့်မိုင်း နင်းမိပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူတစ်ဦး ခြေထောက်ပြတ်ဒဏ်ရာရ

**နေပြည်တော် ဇွန် ၆**

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများသည် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်ဖျက်ဆီးပြီး အပြစ်မဲ့ပြည်သူများ သေကျေ၊ ဒဏ်ရာရ၊ အထိတ်တလန့်ဖြစ်စေရန်ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲ ၁နာရီမိနစ်၅၀ခန့်က ပဲခူးတိုင်း ကျောက်တံခါးမြို့ ကွင်းထောင့်ရပ်ကွက် ယုဇနလမ်းတွင်နေထိုင်သည့် အဖ ဦးမောင်မောင်၏သား လက်သမားအလုပ်လုပ်ကိုင်သူ ကိုရန်နိုင်လွင် အသက်(၂၄)နှစ်သည် ကျောက်တံခါးမြို့ ဈေးပိုင်းရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့်ဈေးလမ်းထောင့်ရှိ ထရန်စဖော်မာမိန်းဆွဲတပ်ဆင်ထားသည့် သစ်သားတန်းဆွေးမြည့်နေသည်ကို ပြင်ဆင်နေစဉ် ထရန်စဖော်မာအား ကာရံထားသည့်အုတ်တံတိုင်း၏ အပြင်ဘက်နှစ်ပေခန့်အကွာ၌ သောင်းကျန်းသူများထောင်ထားသော မိုင်းတစ်လုံးနင်းမိပေါက်ကွဲပြီး ၎င်း၏ဘယ်ဘက်ခြေထောက် ခြေချင်းဝတ်မှပြတ်၍ ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ထိခိုက်ဒဏ်ရာရရှိသည့် ကိုရန်နိုင်လွင်အား ကျောက်တံခါးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ တာဝန်ရှိသူများက ဆေးဝါးကုသမှုနှင့်လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သောင်းကျန်းသူအဖျက်သမားများအား သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက သတင်းဖော်ထုတ်ရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


**SSAA**
**ပေါ်ဆန်းမွှေး**
**အရောက်ပို့**
**ဖုန်း - ၆၆၇၀၉၃။**

ကျောက်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမောင်မြင့်က နဒီသောင်ယံပန်းခြံအတွင်း မြေခင်းအလှ ဆောင်ရွက်မှုကို မေ၇ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးအုန်းသွင်ကြည့်ရှု စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

## မြစ်ငယ်မြို့၌ စေတနာရှင်များ ငွေပဒေသာပင် စိုက်ထူ ကျောင်းသားများ စာမေးပွဲစစ်ဆေး၊ ပညာသင်ဆုပေးအပ်

**မြစ်ငယ် ဇွန် ၁**

မန္တလေးတိုင်း အမရပူရမြို့နယ် မြစ်ငယ်မြို့နေ ဦးမြင့်ဝေနှင့် စေတနာရှင်များ၏ ငွေပဒေသာပင် စိုက်ထူလှူဒါန်း ပံ့ပိုးမှုဖြင့် စတုတ္ထတန်းကျောင်းသူ ကျောင်းသားများအား ၂၀၀၆ခုနှစ် တတိယအကြိမ် ထာဝရ ငွေပဒေသာပင် ပညာသင်ဆုပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ရက်က မြစ်ငယ်မြို့ မီးရထားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ထာဝရ ငွေပဒေသာပင်ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဝေ၊ အမရပူရမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဦးကျော်တိုး၊မြန်မာ့မီးရထား(မြစ်ငယ်) လူစီးတွဲနှင့်ကုန်တွဲစက်ရုံလက်ထောက်အထွေထွေမန်နေဂျာဦးဝင်းကို၊ အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်ဝင်းတို့က အမှာစကားများပြောကြားကြပြီး ထာဝရ ငွေပဒေသာပင် ပညာသင်ဆု စစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သိန်းက စာမေးပွဲစစ်ဆေးခြင်းနှင့် ဆုရွေးချယ်ခြင်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆုများချီးမြှင့်ပေးအပ်ရာ ဘာသာရပ်ဂုဏ်ထူးဆု ၄၉ ဆု၊ ဘာသာရပ်အလိုက် အမှတ်အများဆုံးဆု ၂၅ ဆု၊ သင်ကြားမှုစွမ်းရည်(ကျောင်း)ဆု လေးဆု၊ သင်ကြားမှုစွမ်းရည်ဆရာဆု လေးဆု၊ အမှတ်အမြင့်ဆုံးဆု ၁၀ ဆုနှင့် ထာဝရငွေပဒေသာပင် ပညာသင်ဆု သုံးဆုတို့ကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ကြသည်။ **(ဝဲပုံ)** **(၂၀၉)**

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြင်းမထိကျေးရွာတွင် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန်အတွက် မြေနေရာသတ်မှတ်ခြင်းနှင့်ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် မြေနေရာရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်မှုကို မေ၂၄ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးနေထက်ရှိန် ကြီးကြပ်ဆောင်ရွက်စဉ်။ (နယ်စပ်/စည်ပင်)

## ဟင်းသီးဟင်းရွက်များ သန့်ရှင်းလတ်ဆတ်စွာ ရောင်းချရန်ဆောင်ရွက်

**ကျောက်ကြီး မေ ၃၁**

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကိုကိုလေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့သည် မေ ၂၃ရက် နံနက်က ကျောက်ကြီးမြို့ သိမ်တန်းရပ်ကွက် တြိဂံလမ်းဆုံရှိ အခွန်လွတ်ဈေးသို့ ရောက်ရှိပြီး အခွန်လွတ်ဈေးတွင် ရောင်းချလျက်ရှိသော သားငါးနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးသူများအတွက် သန့်ရှင်း လတ်ဆတ်စွာ ရောင်းချနိုင်ရန် ဆောင်ရွက်ပေးကြသည်။ **(၂၁၁)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ် နယုန်လဆန်း ၁၃ရက်**
**၈–၆–၂၀၀၆(ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဓဇဂ္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (လက်ဖက်အခြေခံ အရည်အသွေးမီထုတ်ကုန်ပစ္စည်းများအကြောင်း)
၁၁း၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ထင်ပေါ်ကျော်ကြား ဥပါသကာများ (သာမဏေကျော်)
(၂) မီးငယ်လေးဖတ်ဖို့ အမှတ်–၄၊ (သဲအောင်)
၁၂း၀၀ သိပ္ပံပညာသိကောင်းစရာ (စိတ်သောက ဝေဒနာကို ခြေရာကောက်ခြင်း–မောင်ဆုရှင်)
၁၂း၃၀ အစာနှင့် အာဟာရ (လက်ဖက်)

**ညနေပိုင်း**

၁၆း၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၅ ထူးဆန်းထွေလာ သတင်းပဒေသာ
၁၇း၄၀ ကိုယ့်စိတ်ကြိုက်ရွေး နှစ်သက်တေး
(၁) ကျွန်မချစ်သော သောတရှင်
(၂) မောင်ခေါ်ရာလိုက်ခဲ့ပါလား
(၃) မေ့အချစ် မစစ်လို့လား
၁၈း၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) တစ်ယောက်တစ်ကမ္ဘာ
(၂) တစ်ကမ္ဘာမခြားသေးပါဘူး
၁၈း၄၀ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဇာတ်လမ်းပမာနားဆင်စရာ (စံပယ်တစ်ပွင့်ရဲ့ဥယျာဉ်မှူး)
၁၉း၄၀ ခေတ်မရွေးသောတေးများ
(၁) နွေမိုးဆောင်း
(၂) ချစ်၍ရွာသောမိုး
(၃) ချစ်ရက်ဆုံနိုး မကြုံနိုးနှင့်
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ချစ်မိုးကြီး
(၂) မောင့်အချစ်က ငယ်နုသစ်ဆဲ
(၃) ချစ်မြားစူးသောနှလုံးသား

**ပညာရေးဝန်ကြီးဌာနအမှတ်(၂) အခြေခံပညာဦးစီးဌာနကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ၂၇ရက်က ဆီဆိုင်မြို့မ အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်း၌ကျင်းပရာ ရှမ်းပြည်နယ် ပညာရေးဌာန ပြည်နယ်စစ်ဆေးရေးမှူး ဒေါ်ညိုညိုနှင့် မြို့နယ်ပညာရေးမှူး ဒေါ်နန်းငွေငွေတို့ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)

## တွန်းဇံမြို့နယ် ပြန်/ ဆက်ဦးစီးဌာနဝန်ထမ်းများ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးဆွေးနွေး

**ဖလမ်း မေ ၂၅**

ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆင့်သည် မေ ၁၃ရက် ညနေ ၃နာရီက တွန်းဇံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတွာလ်ဆွင်းဗန်က တွန်းဇံမြို့နယ်ရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်မှု၊ ကျေးရွာအရောက် သတင်းစာ၊ ဒို့ကျေးရွာဂျာနယ်များ ဖြန့်ဝေမှုနှင့် ၂၀၀၆–၂၀၀၇ခုနှစ် လုပ်ငန်းတာဝန်များ ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်ဆင့်က ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဆက်လက်ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်ရေး၊ ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်ရေးတို့ကို ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

## ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော ဆေးလိပ်၊ ဆေးရွက်ကြီးဆိုးကျိုးများဆွေးနွေး

ဒိုက်ဦး မေ ၃၁

**ဒိုက်ဦးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက မိုးရာသီတွင် ဖြစ်ပွားတတ်သော ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၂၁ ရက်က ကျိုက်စကောကျေးရွာ၌ ကျင်းပသည်။**

**အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်စန်းစန်းညွန့်က မိုးရာသီတွင် ဖြစ်ပွားတတ်သော ဝမ်းပျက်၊ ဝမ်းလျှော၊ သွေးလွန်တုပ်ကွေးနှင့်သန့်လေးသန့် အကြောင်းကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်ချိုနီက ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲခြင်းကြောင့် ဖြစ်ပွားတတ်သော အန္တရာယ်နှင့်ဆိုးကျိုးများ အကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောကြသည်။** (မြို့နယ် ပြန်/ဆက်)

## ပူတာအို၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

**ပူတာအို မေ ၂၈**

ပူတာအိုမြို့တွင် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးရေး ဖွင့်ပွဲအခမ်းအနားကို မေ ၁၃ ရက်က ဒုတ္တာန်ရပ်ကွက် ခြံစည်းရိုးကြက်ဆူစိုက်ကွင်း၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ခိုင်စိုးက အမှာစကား ပြောကြား၍ ဖွင့်လှစ်ပေးသည်။ နယ်မြေခံတပ်နယ်မှ တပ်မှူးနှင့် အရာထမ်း အမှုထမ်းများ၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မြင့်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ရပ်မိရပ်ဖများ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များကို စုပေါင်းစိုက်ပျိုးကြသည်။ **(ခရိုင် ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ

**ညောင်ရွှေမြို့ ကမ်းနားလမ်းတစ်လျှောက် ရေမြောင်းများ ဖောက်လုပ်ခြင်း လုပ်ငန်းကို မေ ၂၃ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း ဆောင်ရွက်ကြစဉ်။** (နယ်စပ်/စည်ပင်)

**ခရမ်းမြို့ ဘုရားလမ်းတစ်လျှောက်နှင့် မြို့မဈေးရှေ့၌ မိုးရာသီတွင် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း လုပ်ငန်းကို မေ၆ရက်ကဒုတိယဦးစီးမှူး ဦးခိုင်ကြည်သာ၊ အငယ်တန်းအင်ဂျင်နီယာ–၃ ဦးအောင်ကျော်စိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။** (မြို့နယ် စည်ပင်)

## မြစ်ကြီးနားမြို့၌ တိုင်းရင်းဆေးပညာ အခြေခံသင်တန်းဖွင့်

မြစ်ကြီးနား မေ ၂၂

**ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းနှင့် ကချင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် တိုင်းရင်းဆေးပညာ အခြေခံသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို မေ ၁၂ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း သင်တန်းခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် ကချင်ပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်း**(အပေါ်ပုံ)** မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း ဗဟိုအလုပ်မှုဆောင် ကချင်ပြည်နယ်တာဝန်ခံဆရာ ဦးထိန်းဝင်းနှင့် ကချင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြကြိုင်တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ထို့နောက် ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းစည်းရုံးရေးမှူး ဦးဂျွန်လရိန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ သင်တန်းစည်းကမ်းချက်များကို လည်းကောင်း၊ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ဖွင့်လှစ်ပို့ချ**

အဆိုပါ သင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချပြီး သင်တန်းသူ ၁၅၀ တက်ရောက်ကြသည်။

**(ခရိုင် ပြန်/ဆက်)**

**တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး အတွက် မေ ၂၃ ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးအမ်လှသောင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ လက်တွေ့ သရုပ်ပြမီးငြိမ်းသတ်ရေး လေ့ကျင့်ကြစဉ်။**

(နယ်စပ် စည်ပင်)

## အထူးကုဆရာဝန်များ ကျေးရွာတိုင်းရင်းသားများအား ကွင်းဆင်းကုသ ကျန်းမာရေးပညာပေးဟောပြော၊ ဆေးဝါးနှင့်အလှူငွေများပေးအပ်

**မုဒုံ မေ ၃၁**

မုဒုံခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ဦးဆောင်၍ မုဒုံခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်ညွန့်ညွန့်ရီ၊ မုဒုံမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စိန်စိန်အေး၊ အထွေထွေရောဂါ အထူးကုဆရာဝန်၊ မီးယပ်သားဖွားအထူးကုဆရာဝန်၊ သွားအထူးကုဆရာဝန်နှင့် ကလေးအထူးကုဆရာဝန်တို့ ဦးဆောင်ပါဝင်သောအဖွဲ့သည် မေ ၂၃ ရက်က နံနက် ၈ နာရီခွဲက ကြူကုတ် (ပန်ဆိုင်း)မြို့နယ် ရေပူစမ်းကျေးရွာရှိ တိုင်းရင်းသားများအား ကွင်းဆင်း၍ လူနာပေါင်း ၄၂၅ ဦးအားဆေးကုသခြင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် စာအုပ်များလှူဒါန်းခြင်း၊ ဖိုင်ကောင်းကျေးရွာ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းအား ထောက်ပံ့ငွေ ကျပ် ၃၀၀၀၀ ပေးအပ်လှူဒါန်းခြင်း၊ တိုင်းရင်းသားများအား ကျန်းမာရေးပညာပေးဟောပြောပွဲများပြုလုပ်ခြင်း၊ ရေပူစမ်းကျေးရွာရှိ သက်ကြီးဘိုးဘွား ၆၅ ဦးအား ကျန်းမာရေး ပြုစုစောင့်ရှောက်ပေးခြင်း၊ ဆေးဝါး၊ အလှူငွေများပေးအပ်ခြင်းနှင့် ဆေးကုသခြင်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဆောင်ရွက်ကြသည်။

**ထောက်ပံ့ငွေပေးအပ်**

မုဒုံမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် ချို့တဲ့နွမ်းပါးသော မွေးလူနာသုံးဦးနှင့် အာဟာရချို့တဲ့ ကလေး တစ်ဦးအား အာဟာရ၊ ဆေးဝါးနှင့် ထောက်ပံ့ငွေပေးအပ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ထန်းတပင်မြို့တွင် ကျောင်းအပ်နှံရေးနေ့ကျင်းပ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် အလှူငွေပေးအပ်

**ထန်းတပင် ဇွန် ၃**

ထန်းတပင် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကို မေ ၂၈ ရက် နံနက် ၁၀ နာရီက ထန်းတပင်မြို့ လှိုင်ရတနာ ခန်းမ၌ ကျင်းပသည်။

**လက်ခံရယူ**

အဆိုပါ အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရွှေမြသာက ကျောင်းသား ကျောင်းသူများအတွက် စာရေးကိရိယာ၊ ကျောင်းသုံးစာအုပ်များနှင့် ကျောင်းသူများအား ဝတ်စုံလှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်စန်းရည်ဝင်းကလက်ခံရယူသည်။

**(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

## မြို့နယ်သတင်းများ

**မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီပရိဝုဏ်အတွင်း ပြုပြင် တည်ဆောက်မှု လုပ်ငန်းများအတွက် မေ ၂၅ ရက်က မော်လမြိုင်မြို့ ရဲဘော်ကုန်း ၄လမ်း အမှတ် ၁၆၅ နေ ဦးကိုမင်း-ဒေါ်သန်းကြည် မိသားစုက ငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံယူစဉ်။**

(၁၆၈)

## တိုင်းရင်းဆေးပညာဆင့်ပွားသင်တန်းဖွင့်

ပင်းတယ မေ ၂၀

**ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် အာဟာရစိတ် ကျန်းမာရေးနှင့် တိုင်းရင်းဆေးပညာ ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကိုမေ ၁၃ရက် နံနက် ၉နာရီက ပင်းတယမြို့ ဓော်ဂျီဦး ခန်းမ၌ ကျင်းပသည်။**

**အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြစန်းက သင်တန်းဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။**

(မြို့နယ် ပြန်/ဆက်)

**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို အမှတ်(၇၁)ရပ်ကွက် လမ်းပြကြယ်စင် စာကြည့်တိုက်၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်တင့်နှင့် အမက(၁၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ် ပြန်/ဆက်)

## ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ရေး နှိုးဆော်ချက်

မိုးဦးကျကာလသည် ဝမ်းလျှောဝမ်းပျက်ရောဂါအဖြစ်များသော ကာလဖြစ်ပါသည်။ မိုးဦးကျချိန်တွင် သောက်သုံးရေထဲသို့ ညစ်ညမ်းသောရေနှင့် ရောဂါပိုးများ ဝင်ရောက်ကာ ကူးစက်ရောဂါများဖြစ်စေပါသည်။ အစားအစာများ ပုပ်သိုးလွယ်သဖြင့် အစာဝမ်း သွားတတ်သောကာလ ဖြစ်ပါသည်။ ယင်ကောင်များ ပေါက်ဖွားပေါများသော ကာလဖြစ်၍ ယင်မှတစ်ဆင့် အစားအစာများ၌ ရောဂါပိုးများ ကူးစက်စေပါသည်။

သို့ဖြစ်ပါ၍ မိုးဦးကျချိန်တွင် ဝမ်းလျှောဝမ်းပျက်ရောဂါများမှ ကာကွယ်ရန်-

(၁) ရေကို ကျိုချက်၍သောက်ပါ။ အထူးသဖြင့် ကလေးငယ်များကို ရေကျက်အေးတိုက်ပါ။
(၂) ရေတွင်းရေကန် စသည့် ရေထွက်ပင်ရင်းများထဲသို့ ညစ်ညမ်းသောရေနှင့် အမှိုက်သရိုက်များ မဝင်ရောက်နိုင်ရန် ကာကွယ်ပါ။
(၃) သန့်ရှင်းလတ်ဆတ်သော အစာများကိုစားပါ။
(၄) အစားအစာများကို ယင်မနားအောင် ဖုံးအုပ်ကာကွယ်ထားပါ။
(၅) အစားအစာများထဲသို့ လက်မှတစ်ဆင့် ရောဂါပိုးများ မဝင်နိုင်ရန် အစာကိုင်သောလက်ကို ဆပ်ပြာဖြင့် စင်စင်ဆေးပါ။
(၆) အိမ်သာမှအထွက် လက်ကိုဆပ်ပြာဖြင့် စင်စင်ဆေးပါ။

ဤသို့ ကာကွယ်လျက်မှ ဝမ်းလျှောဝမ်းပျက်ဖြစ်လာခဲ့လျှင်-

(၁) ဓာတ်ဆားရည်ကို အညွှန်းအတိုင်း အတိအကျ ဖျော်တိုက်ပါ။
(၂) ဆေးရုံဆေးခန်းများသို့ အမြန်ဆုံးပြသပါ။
(၃) မိမိမှတစ်ဆင့် အခြားသူများသို့ ရောဂါမကူးစက်ရန် ကာကွယ်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

## ကျေးရွာစာကြည့်တိုက်သို့ စာအုပ်မျိုးစုံနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်း ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး၊ လုပ်ငန်းကျွမ်းကျင်ရေး ကလေးမြို့၌ရှင်းလင်း

ကလေး ဇွန် ၂

ကလေးခရိုင် ကလေးမြို့နယ် သာစည်ကျေးရွာ အေးငြိမ်းဦးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သို့ အလှူရှင်များက စာအုပ်မျိုးစုံ ၅၂၁အုပ်နှင့် စာကြည့်တိုက်ငွေပဒေသာပင်အဖြစ် ငွေကျပ်၁၅၅၀၀၀ လှူဒါန်းပွဲကို မေ၂၁ရက်နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မောင်လွင်က စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေး၊ စာကြည့်တိုက်အင်္ဂါရပ်များနှင့်အညီ ဆောင်ရွက်ရေး၊ စာကြည့်တိုက်တာဝန်ခံများ လုပ်ငန်းကျွမ်းကျင်ရေး၊ စာအုပ်များစုဆောင်းခြင်း၊ မျိုးတူစုခွဲခြားခြင်းတို့နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတွဲဖက်အတွင်းရေးမှူး ဦးသန်းအေးက စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

### လက်ခံရယူ

ထို့နောက် အလှူရှင်များက လှူဒါန်းသော စာအုပ်များနှင့် ငွေပဒေသာပင်များကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းမြိုင်နှင့် ကျောင်းအုပ်ဆရာကြီး ဦးသောင်းစောတို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကြသည်။ (၄၁၇)

**လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်အတွက် အီနိုင်း-မုံးရင်လမ်းပေါ်တွင် တံတားသစ်တည်ဆောက်နေမှုကို မေ၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဝင်းဌေးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးထွန်းလင်းမော်တို့ ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။**

(မြို့နယ် စည်ပင်)

## အောင်မြေသာစံ၌ ကျောင်းအပ်နှံရေး သီတင်းပတ်လှုပ်ရှား နာဂမိဘမဲ့တိုင်းရင်းသားကလေးများ ကျောင်းအပ်နှံ ကျောင်းသုံးဖတ်စာအုပ်နှင့် စာရေးကိရိယာ အခမဲ့ပေးအပ်

မန္တလေး ဇွန် ၁

**၂၀၀၆ ပညာသင်နှစ် ကျောင်းအပ်နှံရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် မေ ၂၅ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသားစုဝေးသဘင်တွင် ကျင်းပသည်။**

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးစိုးဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဆရာဦးကျော်ဝင်းက ကျောင်းသားသစ်၊ ကျောင်းသားဟောင်းများ ကျောင်းအပ်နှံရာတွင် အခက်အခဲမရှိ၊ အဆင်ပြေချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျောင်းအပ်နှံရေးတွင်အခက်အခဲဖြစ်နေသောနာဂမိဘမဲ့တိုင်းရင်းသား ကလေးများဖြစ်သော ဂေဟာမှ မေတ္တာရှင်ကျောင်းသား၁၀ဦးအား ကျောင်းအပ်နှံရေး လက်ခံပြီး အတန်းလိုက် ကျောင်းသင်ခန်းစာဖတ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံနှင့်ဘောပင်များကို အခမဲ့ ပေးအပ်သည်။ **(အပေါ်ပုံ)**

ထို့နောက် ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက အတန်းလိုက်ကျောင်းသားများလက်ခံခြင်း၊ ကျောင်းသုံးစာအုပ်၊ ဗလာစာအုပ်၊ ခဲတံနှင့်ဘောပင်များ ဖြန့်ဝေရောင်းနေမှု၊ ကျောင်းစာသင်ခန်းသန့်ရှင်းသာယာလှပရေး၊လေကောင်းလေသန့်ရရှိစေရေးတို့ကိုကြည့်ရှုစစ်ဆေးကြသည်။ **(၁၆၂)**

## မြို့နယ်သတင်းများ

## ယာခင်းထဲမှရေတွင်းဟောင်း စုပေါင်းတူးဖော် ရေရှည်အသုံးပြုနိုင်ရန် အလှူငွေထောက်ပံ့ပေးအပ်

အထက်မင်းလှ ဇွန် ၁

**မကွေးတိုင်း အထက်မင်းလှမြို့ အမှတ်(၆)ရပ်ကွက် တောင်ပိုင်း ဒေါ်လှသန်း၏ ယာခင်းထဲ၌ ရေတွင်းဟောင်းမှာ ရေများခပ်ယူသုံးစွဲခြင်းမပြုခဲ့သည်မှာ နှစ်ပေါင်း ၇၀ကျော်ခန့် ရှိခဲ့ပြီဖြစ်သည်။**

ယင်း ရေတွင်းပျက်မှ ရေများခပ်ယူသုံးစွဲခြင်း မပြုခဲ့ကြသော်လည်း ရေတွင်းမှရေမှာ ရေချိုများဖြစ်သောကြောင့် ရပ်ကွက်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးအဖွဲ့ဝင်များ၊ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များစုပေါင်း၍ ရေတွင်းဟောင်းအား တူးဖော်ကြရာ မေ၂၅ရက်က ရေတွင်းမှရေများ အသုံးပြုနိုင်ပြီဖြစ်သည်။

### ထောက်ပံ့

အဆိုပါရေတွင်းမှ ရေကောင်းရေသန့်များရေရှည်အသုံးပြုနိုင်ရန်အတွက် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကငွေကျပ် ၁၄၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့သည်။**(ဝဲပုံ) (၀၇၆)**

**မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ခိုင်ရွှေဝါလမ်း၌ ရေစီးရေလာကောင်းမွန်စေရေးအတွက်ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို မေ၂၄ရက်က စည်ပင်သာယာရေးအဖွဲ့ပိုင်မြေတူးစက်ဖြင့် တူးဖော်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဖုန်းလွင် ကြီးကြပ်ပေးစဉ်။**

(မြို့နယ်စည်ပင်)

## မိုးကြိုဂုန်လျှော် / ချည်ပေါင်လျှော် စိုက်ပျိုးရေး နှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီအမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချည်ပေါင်လျှော်ကို ဧပြီလဆန်းမှ မေလလယ် အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေထည့်သွင်းသုံးစွဲပါ။ မြေခံ မြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်းငါးစီးမှ ၁၀စီးအထိလည်းကောင်း၊ ယူရီးယား ဓာတ်မြေဩဇာ အနည်းဆုံး ၂၅ကီလိုနှင့် ပိုတက်ရှ် မြေဩဇာ ၁၂ဒသမ၅ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀နှင့်အထက်ရှိသော မျိုးများကို ဂုန်လျှော် တစ်ဧကလျှင် မျိုးစေ့နှစ်ပြည်နှုန်း၊ ချည်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်းသုံးစွဲပါ။

၆။ အစိုဓာတ်အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချစိုက်ပျိုး ရန်အတွက် မြေအစိုဓာတ်သင့်တင့်ချိန်တွင် စိုက်ထွန်ရေး ဖွင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၇။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှ ကင်းစေရန် စိုက်ခင်းအနီးရှိအမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်းပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၈။ နည်းပညာနှင့်အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ ဂုန်လျှော်ပစ္စည်းလုပ်ငန်း ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

**လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။**

**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန**

**(အောက်မြန်မာပြည်)**

**ရန်ကုန်အဝေးသင်တက္ကသိုလ်**

## e- Education Learning Centre

**သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်**

**၁၂-၆-၂၀၀၆ (တနင်္လာနေ့)**

- ❑ Electrophilic Addition To Unsaturated Carbon
  - တတိယနှစ် ဓာတုဗေဒ အထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ Electrophilic Aromatic Substitution
  - တတိယနှစ် ဓာတုဗေဒ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၁၃-၆-၂၀၀၆ (အင်္ဂါနေ့)**

- ❑ Drama Part(1)
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ကျောင်းသူများ
- ❑ Drama Part(2)
  - ပထမနှစ် အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ကျောင်းသူများ

**၁၄-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

- ❑ Reported Speech
  - ပထမနှစ်၊ ဒုတိယနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Communicative Skills
  - ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် အင်္ဂလိပ်စာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၁၅-၆-၂၀၀၆ (ကြာသပတေးနေ့)**

- ❑ Economic Development Concept And Measurement
  - တတိယနှစ် စီးပွားရေး၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Simple Linear Regression And Correlation
  - ပထမနှစ် စီးပွားရေးပညာအထူးပြု

**၁၆-၆-၂၀၀၆ (သောကြာနေ့)**

- ❑ Free Trade Versus Protectionism
  - တတိယနှစ် စီးပွားရေး၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Theories of Consumer Behaviour
  - ဒုတိယနှစ် စီးပွားရေးပညာအထူးပြု

**နံနက် ၉နာရီမှ ညနေ ၄နာရီအထိ**

**၁၇-၆-၂၀၀၆ (စနေနေ့)**

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

**၁၈-၆-၂၀၀၆ (တနင်္ဂနွေနေ့)**

- ❑ အဝေးသင်တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများအတွက် သင်ခန်းစာများ

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ နော်ဝေနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇွန် ၆**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး အဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော မစ္စစ်မေရီရက်တေ၊ ဖီရဲ၊ ဘရက်တက်စ်တေသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာသို့သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

**တက်ရောက်**

အဆိုပါသံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မြင့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံ

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး မစ္စစ်မေရီရက်တေ၊ ဖီရဲ၊ ဘရက်တက်စ်တေအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**

(သတင်းစဉ်)

**မြန်မာ့အလင်း**

**သတင်းဆောင်းပါး၊ ကမ္ဘာ့ဖလား သတင်းဂယက်နှင့် ဓာတ်ပုံ အညွှန်း**

"လက်ရှိပြင်ဆင်မှု အနေအထားအရ ဘရာဇီး၊ အင်္ဂလန်၊ ပြင်သစ်နှင့် ဂျာမနီအသင်းတွေကို ကြိုက်တယ်"

**ဦးသန်းကျော်ညွှန့် ဒုတိယညွှန်ကြားရေးမှူး၊ အားကစားဝန်ကြီးဌာန**

မျှော်လင့်စောင့်စား ဂျာမနီကမ္ဘာ့ဖလား ရင်ခုန်ခံစားပြည်သူများ (စာ-၆၊ ၇ )

အုပ်စု(ဆ)၌ ပြင်သစ်တို့ အုပ်စုချောင် တောင်ကိုရီးယား နှင့် ဆွစ်ဇာလန်တို့ ဒုတိယနေရာ လုရဖွယ်

ကမ္ဘာ့ဖလား သတင်းဂယက် (စာ - ၁၃)